မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၄)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center - NCC) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်

လူဘဝတွင် “ကျန်းမာမှ ပညာသင်နိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်” ဖြစ်သည့်အတွက် ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးအုတ်မြစ်ပင်ဖြစ်

နေပြည်တော် မတ် ၇

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် **စာမျက်နှာ ၁၆ ကော်လံ ၁ ★**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုသဆောင်အတွင်းရှိ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုစက်ခန်းများအား လိုက်လံကြည့်ရှုစဉ်။



ရွှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာ – ၇ သို့

ယစ်မျိုးဥပဒေ ပြဋ္ဌာန်း စာ – ၇ သို့

မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာ – ၁၂ သို့

မြေဩဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာ – ၁၂ သို့

Myanmar Mobile Money(MMM) ကို အသုံးပြုရှင်အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အပြီးစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



အယ်ဒီတာ့အာဘော်

ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် စည်းလုံးညီညွတ်စွာ

(၂၀၂၆ ခုနှစ်၊ မတ် ၈ ရက်)

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ယနေ့ထိ နိုင်ငံတော်ကို အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့်တိုးတက်အောင်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်ချမှတ်ထားသည့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့သည်မှာ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်တာဝန်ကိုဦးဆောင်ထိန်းသိမ်းရယူခဲ့သည့်အချိန်တွင် နိုင်ငံ၏စီးပွားရေးကျဆင်းနေပြီး အခက်အခဲမျိုးစုံကြားမှ နိုင်ငံ့အရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ပြီးဆောင်ရွက်ခဲ့သည်။ တိုင်းပြည်၏ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကောင်းမွန်စေရန်အတွက် အဓိကအားပေးမြှင့်တင်ပေးသည့်အပြင် လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်ဒေသစီးပွားရေးတိုးတက်စေရန်အတွက် ဦးစားပေးအလေးထားဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအတွင်း ထင်သာမြင်သာရှိသည့်တိုးတက်မှုများရရှိအောင်ဆောင်ရွက်ပေးခဲ့ရာတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့ရွာများသန့်ရှင်းသာယာလှပရေး၊ မြို့ပြအင်္ဂါရုပ်များနှင့်ညီညွတ်မှုရှိစေရေး၊ စွန့်ပစ်အမှိုက်စနစ်တကျစီမံခန့်ခွဲနိုင်ရေး စသည့်နယ်ပယ်များတွင် ပြောင်းလဲတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးနှင့်ပတ်သက်ပြီး အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းငယ်များရှင်သန်ဖွံ့ဖြိုးရေးနှင့် အစဉ်ရေရှည်ရပ်တည်နိုင်ရေးအတွက် လုပ်ငန်းစတင်ချိန်မှစပြီး ဈေးကွက်သို့ရောက်ရှိချိန်ထိ လိုအပ်သည့်နည်းပညာနှင့်ငွေကြေးပံ့ပိုးမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် သက်မွေးပညာရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူငယ်များ၏ဘဝမြှင့်တင်နိုင်ရေးနှင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များ အကျိုးရှိစွာပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရတာဝန်ယူခဲ့သည့်ကာလအတွင်း နိုင်ငံတော်အတွက် ဘက်ပေါင်းစုံတွင်အကောင်းဆုံးဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုလားတောင့်တချက်များကို ပြည်တွင်း၌ရှိသည့်အင်အားဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်အတွက် ကောင်းမွန်ပြီးအစဉ်ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ကိုဖန်တီးနိုင်ရေး စီးပွားရေးအင်အားကောင်းမွန်ရန်ဆောင်ရွက်ခဲ့သည်။ အခက်အခဲအမျိုးမျိုးကြားမှ တာဝန်ယူဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ ပြည့်မီရန်လိုအပ်သည့်ကိစ္စရပ်များကိုလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည်။

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၆ ရက်ကကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၆) အစည်းအဝေး၌ အမှာစကားပြောကြားစဉ် **“စည်းလုံးခြင်းသည်အင်အား၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့် ဆိုရိုးစကားများနှင့်အညီ တိုင်းပြည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချင်းချင်းဥမကွဲဝိုက်မပျက် စည်းလုံးညီညွတ်မှုနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဝိုင်းဝန်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ ပြောင်းလဲလာသည့်ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် စီးပွားရေးလမ်းကြောင်းပေါ်တွင် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ဆက်လက်လျှောက်လှမ်းသွားရန်ကိုလည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှေ့တန်းတင်ပြီး တစ်ထောင့်တစ်နေရာမှ မိမိတို့ကျရာတာဝန်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိကြသည့်ဝန်ထမ်းများနှင့် အလွှာအသီးသီးမှပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ပြည်သူလူထုများကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုသည်ကိုပြောကြားလိုကြောင်း”**ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မကြာမီနိုင်ငံတာဝန်ကိုပခုံးပြောင်းတာဝန်ယူမည့်အစိုးရအနေဖြင့် အစိုးရနှင့်ပြည်သူလူထုများအကြားယုံကြည်မှုအခိုင်အမာတည်ဆောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့်အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍာ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး။

မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏ္ဍာသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို မတ်လ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဒကွိဏ္ဍာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့်ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်စသည့်အသိပညာဗဟုသုတများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

သော်ဇင်ထူး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ဝ၆:၀၃ တရားတော်
၂။ ဝ၆:၄၅ ဓမ္မပူဇောတေး
၃။ ဝ၇:၁၀ (၃၈)ဖြာမင်္ဂလာ
၄။ ဝ၈:၄၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၅။ ဝ၈:၅၀ မောင်မယ်လေးများသိစေချင်
၆။ ၁၃:၁၀ လေးစားအတုယူစံနမူနာရဲကောင်းများ
၇။ ၁၃:၄၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၈။ ၁၅:၁၅ မြန်မာသံစဉ်ချိုနှောင်း
၉။ ၁၅:၄၀ ဇာတ်လမ်းတို
၁၀။ ၁၇:၁၀ နယ်ပျိုလှပကျန်းမာဖွံ့လမ်းလျှောက်ကြပါစို့
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၈:၃၀ ပြည်သူ့ကြားကပြည်သူ့စကား
၁၃။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဈေတ်လမ်းကြယ်နှင့်အတူ အပိုင်း(၁၁) သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)**

မြဝတီ စနေစဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၃၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားအဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်



နေပြည်တော် မတ် ၇

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့်မားစေသူများ၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မြန်မာ့အားကစားကို ချစ်မြတ်နိုးစိတ်များဖြင့် အဘက်ဘက်မှထောက်ပံ့လှူဒါန်းပေးခဲ့ကြသည့် လုပ်ငန်းရှင်များ၊ အလှူရှင်များအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်မြန်မာ့အားကစားလောကပြန်လည်ဦးမော့လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့် ဆက်လက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာအားကစားအဖွဲ့များအတွက် ပံ့ပိုးလှူဒါန်းပေးခဲ့သော စေတနာရှင်လုပ်ငန်းရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့များအတွက် စေတနာရှင် အလှူရှင်များက စုစုပေါင်းထိုင်းဘတ်ငွေ ၃၆ ဒသမ ၅ သိန်းနှင့် မြန်မာငွေကျပ်သိန်း ၄၇၃၀ ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ မြဝတီ

၂၀၂၆ ခုနှစ် အခြေခံပညာတက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာဖြေဌာနကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စားသောက်ကုန်များချီးမြှင့်ပေးအပ်

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ သမိုင်းဝင်ဖောင်တော်ချက်မဘုရားပရိဝုဏ်အတွင်း/အပြင်နှင့် တန်ဆောင်းများအတွင်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီတော်ကြီးပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်ကြီးပြန်လည်ပြုပြင်တည်ဆောက်ရာတွင် အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီတည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒကွိဏာသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းအတွင်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများအတွက်စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ သတ်မှတ်ရည်ညွှန်းစွေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

နေပြည်တော်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျန်ရှိသည့်မြို့နယ်များတွင်လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုများကို အပတ်စဉ် စနေ



နေ့တိုင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် အခြေခံပညာတက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးစာဖြေဌာနကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စားသောက်ကုန်များ ချီးမြှင့်ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်အဘက်ဘက်မှလိုအပ်ယလို ဦးဆောင်လမ်းညွှန်ကြပ်မတ်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ချမှတ်ထားသည့် စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်နိုင်ရေး ပိုင်းဝန်းကျည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ချော မွေ့စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး စာစစ်ဌာနအသီးသီးတွင် တာဝန်ယူကြမည့် ကြီးကြပ်ရေးမှူးများနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများသည် မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်များက ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအတွက် စားသောက်ကုန်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ်(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီးအတွင်း စက်သုံးဆီသုံးစွဲမှု ခြိုးခြံချွေတာရေးနှင့်ဖူလုံမှုရှိစေရေး ညှိနှိုင်းဆွေးနွေး

ပုသိမ် မတ် ၇

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့်စက်သုံးဆီသုံးစွဲမှုခြိုးခြံချွေတာရေးနှင့်ဖူလုံမှုရှိစေရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ နေ့စဉ်ရောက်ရှိမှု၊ ကျန်ရှိမှုနှင့် ရောင်းချရာတွင် စျေးတင်ရောင်းချခြင်းမျိုးမဖြစ်စေရန် ကြပ်မတ်စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ကာလဖြစ်သည့်အတွက် စိုက်ပျိုးရေးရရှိရေးဆောင်ရွက်ရာတွင် စက်သုံးဆီများမဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေး၊ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ယာဉ်များကိုမောင်းနှင်အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်အသုံးပြုရန် လိုအပ်သလောက်သာ စက်သုံးဆီဝယ်ယူသုံးစွဲစေရေး၊ စက်သုံးဆီများအား မလိုအပ်ဘဲ ဝယ်ယူသိုလှောင်ထားခြင်းများ မပြုလုပ်စေရေး၊ မော်တော်ယာဉ်များနေ့စဉ်သုံးစွဲရာတွင် သုံးစွဲသည့်အခေါက်ရေအနည်းဆုံးနှင့် သုံးစွဲသည့်ယာဉ်စီးရေအနည်းဆုံးဖြစ်စေရေးတို့ကို အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်မည့်အစီအမံများ၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ယာဉ်များကို မောင်းနှင်အသုံးပြုစေရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု၊ စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူများအား အသိပေးဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအတွင်း စက်သုံးဆီများလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ရည်ညွှန်းသတ်မှတ်စျေးနှုန်းများနှင့်အညီ ရောင်းချပေးနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အရိပ်

မစန္ဒာ



ယမန်နေ့မှအဆက်

မိခင်၏နှလုံးသားသည် သား၏နှလုံးသားနှင့် အနီးကပ်ဆုံးနေရာတွင်ရှိသည်ဟု ပြောကြသည်။ သူသားငယ်၏နှလုံးသားတွင် အမည်းစက်များ စွန်းထင်းလာသည်ကို ဖွင့်မပြောသော်လည်း မေမေသည် အလိုလို ခံစားပြီး သိနေလိမ့်မည်ဟုထင်မိကာ ညီလင်းသည် အနေရအထိုင်ရ ခက်လာသည်။

ထိုနေ့ညက ခေါင်းကိုက်သည်ဟုအကြောင်းပြပြီး ညီလင်းသည် စောစောစီးစီး ခြင်ထောင်ဆွဲချပြီး အိပ်ရာဝင်ခဲ့လေသည်။ သို့သော်လည်း လုံးဝအိပ်မပျော်ပေ။ ရင်ထဲတွင်ပူပြီး တသိမ့်သိမ့်လှုပ်ရှားနေသည်။ 'မုန်းတယ် မုန်းတယ်' ဟု တဖွဖွပြောနေသောအသံလေးသည် လေဟုန်စီး၍ရောက်လာပြီး သူ့နားတွင် တဝဲဝဲလှည့်နေလေသည်။

'ညီ၊ မင်းဘာဖြစ်လာသလဲ'

တစ်အိမ်လုံးအိပ်ပြီး မီးမှိတ်သော်လည်း သူအိပ်မပျော်ချေ။ တစ်ဖက်ခုတင်မှ ကျော်ထွန်းညီက ဒုတိယအကြိမ် ထပ်မေးလေသည်။

'မမေးပါနဲ့ ကိုကိုရာ'

ညီလင်းသည် ကတုန်ကယင်ပြောရင်း မှောက်၍ အိပ်လိုက်သည်။ သူ့ပါးစပ်ကို ခေါင်းအုံးပေါ်တွင်ဖိထားသည်။ ပြောမိမည်ကို စိုးရိမ်နေသည်။

'မင်း ဘာဖြစ်လာသလဲ ညီရာ၊ ပြောစမ်းပါ'

'မမေးနဲ့ကွ'

'ဩော် ညီလင်းရယ်'

ကျော်ထွန်းညီသည် သူ့အိပ်ရာပေါ်မှထလာသည်။ ညီလင်း၏ ခြင်ထောင်ကိုဆွဲ၍လှန်ကာ ဘေးတွင် ဝင်ထိုင်လိုက်သည်။ ညီလင်းသည် သူ့မျက်နှာကို ခေါင်းအုံးနှင့်ဖိကပ်ပြီး အသက်ပြင်းပြင်းရှူနေသည်။

'ဒို့မှာ ညီအစ်ကိုနှစ်ယောက်ပဲရှိတာညီရာ၊ မင်း ဘာကိုများ လျှို့ဝှက်စရာရှိသလဲ၊ စုလှိုင်နဲ့ကိစ္စတုန်းကတောင် ငါ မင်းကို အကုန်လုံး ပွင့်ပွင့်လင်းလင်း ပြောခဲ့တာပဲ၊ ပြဿနာဆိုတာ ရင်ထဲမှာမျိုသိပ်ထားရင် သိပ်ပူတယ်၊ ရင်အပူ၊ စိတ်အမောခံပြီး ဘာလို့ ကြိတ်မှိတ်မျိုသိပ်နေတာလဲ ညီလင်းရယ်၊ မင်း ငါ့ကို မယုံဘူးလား'

ညီလင်းသည် အဖျားတက်သလို တုန်တုန်ခိုက်ခိုက် ကြီးဖြစ်လာလေသည်။ ထို့နောက် သူ့မျက်နှာကို ခေါင်းအုံးနှင့်ခွာလိုက်သည်။ မမှိန့်တမှိန်လေးလင်းနေသောလရောင်ဖျော့ဖျော့ဝယ် ညီလင်း၏မျက်နှာသည် ဖြူရော်နေသည်။

'ဘယ်သူ့ကိုမှ မပြောပါနဲ့ ကိုကိုရာ၊ မမကိုလည်း မပြောနဲ့၊ သူငယ်ချင်းတွေကိုလည်း မပြောနဲ့၊ မမသက်ကိုလည်း မပြောနဲ့'

'အေးပါကွာ၊ ငါ ကတိပေးပါတယ်'

'ကျွန်တော် ကျွန်တော်၊ သူ့ကို မနစ်နာစေချင်ဘူး၊ လူတွေသိရင် သူ အို သူရှက်မှာပေါ့'

'ဘယ်သူလဲ'

'စု၊ မမစု'

'ဟင်၊ စုစုလှိုင်လား'

'ဟုတ်တယ်၊ သူနဲ့ကျွန်တော် ကျ ကျွန်တော်၊ ကိုကိုရာ ဘယ်လိုပြောရမလဲ၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ ကိုကိုရယ်၊ လူဆိုး၊ လူယုတ်လို့လည်း မပြောပါနဲ့'

ညီလင်း၏အသံသည် အဖျားခတ်ပြီး တုန်ယင်နေသည်။ မှင်တက်မိသလိုဖြစ်နေသော ကျော်ထွန်းညို၏လက်များကို လာ၍ဆုပ်ကိုင်သော သူ့လက်များသည် အေးနေသည်။

'မင်းတို့ ဘာဖြစ်ခဲ့ကြသလဲ'

'ဟို ဟို အထိုဖြစ်တယ်၊ ကိုကိုနားလည်တယ် မဟုတ်လား၊ သူနဲ့ ကျွန်တော် ခရီးဆုံထိ'

'ဘုရားရေ'

ကျော်ထွန်းညီသည် သူ့နားပေါ်တည့်တည့် ဗုံးကျကွဲသွားသလားဟုပင် ထင်မိသည်။ မျက်လုံးများပင် ပြာသွားလေသည်။ သူ အရူးအမူးစွဲလမ်းခဲ့ဖူးသည့် စုလှိုင်သည် ယခုတော့ သူ့ညီနှင့်မှ ပတ်သက်လာချေပြီ။ သူ့ညီငယ်ကို 'ဝိုးစွဲကွ' ဟူ၍ လက်ခမောင်းခတ်ပြီး ချီးမွမ်းရလေမည်လား။ 'ဆိုးလိုက်တဲ့ကောင်၊ ဘာလို့ဒီလိုလုပ်ရသလဲ၊ နှမချင်းမစာ' ဟု ဆူရပေမည်လား။ 'မင်းတော့ အပြုစားခံရပြီ ဒုက္ခပဲ' ဟူ၍ သနားရလေမည်လား သူ မဝေခွဲတတ်ပေ။

'ညီလင်း မင်း မင်း သူ့ကို'

'ကိုကိုရယ် ကျွန်တော် မရည်ရွယ်ပါဘူး၊ သူ့ကိုလည်း အစကတည်းက ကြောက်ပါတယ်၊ အို့ဗျာ နစ်လည်း မနစ်နာစေချင်ပါဘူး ကိုကိုရာ၊ ကျွန်တော် လည်း ရူးသွားမလား မသိဘူး၊ ခဏလေးရူးသွားတယ်'

'သူက ဘာပြောလဲ'

'သူက သူက မေးတယ်၊ သူ့ကို ချစ်လားတဲ့၊ ကျွန်တော် ကျွန်တော် မသိဘူး ကိုကိုရာ၊ မချစ်ဘူးထင်တယ်လို့ပဲ ပြောလိုက်တယ်'

ကျော်ထွန်းညီသည် သက်ပြင်းကြီးရှိုက်လိုက်သည်။ ညီလင်းညို၏ဆံပင်များကို လက်ဖြင့်ထိုးဖွလိုက်ကာ ညင်သာသောအသံဖြင့်မေးသည်။

'မင်း သူ့ကို မချစ်ဘူးလား ညီ'

'ချစ်တယ်ဆိုတာ ဘယ်လိုလဲ၊ မသိဘူး ကိုကိုရယ်၊ ကျွန်တော် တကယ်မသိဘူး၊ ကျွန်တော် အို့ ကျွန်တော် သူ့ကိုချစ်ချင်ချစ်နေမယ်၊ ဒါပေမဲ့ မကြိုက်တာကတော့ သေချာတယ်၊ သူ့ကိုမကြိုက်ဘူး၊ သူ့နေပုံထိုင်ပုံ၊ သူ့စိတ်ထား၊ သူ့ပတ်ဝန်းကျင် ဘာဆို ဘာကိုမှကြိုက်ကိုမကြိုက်ဘူး၊ သူ့လိုမိန်းကလေးကို ကျွန်တော် လက်ထပ်ရမှာကြောက်တယ်'

'အို ကွာ'

သူတို့ ညီအစ်ကိုနှစ်ဦး၏အိမ်ခန်းဘေးတွင်စိုက်ထားသော စံပယ်ရုံမှ စံပယ်ပန်းများ ပွင့်အာလာပြီ ထင်သည်။ မွှေးပျံ့သင်းချိုသောရနံ့သည် လေထဲတွင် တသင်းသင်းဝေ့ပျံ့ပြီး ပါလာလေသည်။

'ဒါပေမဲ့ မင်း သူ့ကို ကျူးလွန်ခဲ့ပြီမဟုတ်လား'

ညီလင်းညိုသည် သူ့ကို ကရုဏာဒေါသလေးနှင့် ကြည့်နေသော အစ်ကိုဖြစ်သူအား ရီဝေသောမျက်လုံးများဖြင့် ပြန်ကြည့်နေသည်။ 'မုန်းတယ်၊ မုန်းတယ်' ဟု တဖွဖွပြောနေသော နှုတ်ခမ်းလေးကို မြင်ယောင်လာသည်။

'ကျွန်တော်က သူ့ကိုမကြိုက်ဘူး၊ သူက ကျွန်တော့်ကိုမုန်းတယ်၊ ဒါပေမဲ့ ကိုကိုရယ်၊ ကျွန်တော်တို့ ဟို အခြေအနေအထိဖြစ်ခဲ့ကြတယ်၊ ဘာဖြစ်လို့လဲဟင်၊ မေတ္တာကဏ္ဍ ဘယ်မှာလဲ'

ညီလင်းက ကယောင်ကတမ်းလေးပြောနေသည်။ ကျော်ထွန်းညို ဘာမျှပြန်မပြောချင်တော့ပေ။

ထိုနေ့ညက သူတို့နှစ်ဦးစလုံး ကောင်းစွာအိပ်မပျော်ကြပေ။ သို့သော် ဘာစကားကိုမျှ နောက်ထပ်မပြောကြတော့ချေ။

■ ■ ■ ■ ■

'နင့်အိမ်လေးက လှလိုက်တာမိညိုရယ်၊ နေချင်စရာလေး'

သက်သက်သည် စာရွက်ပေါ်မှ နှစ်ထပ်အိမ်လေးကို ငုံကြည့်ရင်း ချီးကျူးလိုက်သည်။ အပြင်မှာ တကယ် ဆောက်လျှင် ဘယ်လိုနေမည်မသိရသော်လည်း စာရွက်ပေါ်တွင်မူ အိမ်လေးသည် အလှကြီးလှနေလေသည်။

အမာညိုသည် သူ့ဘေးတွင်ထိုင်ကြည့်နေသော သက်သက်ကိုပင် ကောင်းစွာစကားမပြောအားပေ။ သူ့စိတ် သူ့အာရုံအားလုံးသည် သူဆွဲနေသော အဆောက်အအုံပေါ်တွင်သာ စုပုံကျရောက်နေသည်။

သူတို့ဘေးရှိ စာကြည့်စားပွဲတွင် ပေါက်ကျိုင်းသည် တကုန်းကုန်းပုံဆွဲနေသည်။ ပေါက်ကျိုင်းနှင့် အမာညိုသည် တစ်တန်းတည်းသားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး မကူနိုင်ပေ။ ပုံစံများကို တစ်ချိန်တည်း တင်ကြရမည်ဖြစ်လေသည်။

ဆက်လက်ဖော်ပြပါမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၃-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၅၂၅	၂၆၄၀	၂၆၀၅	၂၅၄၀	၂၆၄၅	၂၆၆၀	၂၆၈၀	၂၆၀၀	၄၈၀၅	၂၈၉၀	၂၆၁၅	၂၈၇၅	၂၆၈၅	၂၆၅၀	၂၆၇၅	၂၉၃၀
95 Ron	၂၅၉၅	၂၇၁၀	၂၆၇၅	၂၆၁၀	၂၇၁၅	၂၇၃၀	၂၇၅၀	၂၆၇၀	၄၈၆၀	၂၉၆၀	၂၆၈၅	၂၉၅၅	၂၇၅၅	၂၇၂၀	၂၇၄၅	၃၀၀၀
HSD (500 ppm)	၂၆၁၀	၂၇၂၀	၂၆၉၀	၂၆၂၅	၂၇၃၀	၂၇၄၅	၂၇၆၀	၂၆၈၀	-	၂၉၅၅	၂၆၉၅	၃၀၃၀	၂၇၃၀	၂၇၃၅	၂၇၅၅	၃၀၁၀
HSD (50 ppm)	၂၉၀၅	၃၀၂၀	၂၉၈၅	၂၉၂၀	၃၀၂၅	၃၀၄၀	၃၀၅၅	၂၉၅၅	၄၈၃၀	၄၂၅၀	၂၉၉၀	၃၀၄၀	၃၀၃၀	၃၀၃၀	၃၀၅၀	၃၁၀၅
HSD (10 ppm)	၂၉၀၅	၃၀၂၀	၂၉၈၅	၂၉၂၀	၃၀၂၅	၃၀၄၀	၃၀၅၅	၂၉၅၅	-	၄၂၅၀	၂၉၉၀	၃၀၄၀	၃၀၃၀	၃၀၃၀	၃၀၅၀	၃၁၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၄၀၁၇၄၈၅၉၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၇၀	၂၄၅၁
95 Ron	၂၄၉၈	၂၅၂၀
HSD (500 ppm)	၂၄၄၉	၂၅၂၈
HSD (50 ppm)	၂၇၃၅	၂၈၁၉
HSD (10 ppm)	၂၇၃၅	၂၈၁၉



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၁.c	/	၃၅.c
ရန်ကုန်	၂၁.c	/	၃၄.c
မန္တလေး	၂၅.c	/	၃၉.c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၇-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိစံချိန်မီရွှေဝ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၇

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ တလိုင်းကုန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၇ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်ရှိ ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ဒေါ်ဖီမမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးနှင့် ဒေသခံပြည်သူ ၁၂၈ ဦးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကြည်သိုက် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၇

၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ အရာရှိ၊ စစ်သည် (၈၄) ဦးဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ အရာရှိ၊ စစ်သည် (၇၂)ဦးဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ အရာရှိ၊ စစ်သည် (၁၉၅)ဦးဖြင့်လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပစဉ်။



ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



ကော့သောင်း မတ် ၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ကော့သောင်းခရိုင်နှင့်မြို့နယ် ဥပဒေရုံး RC သုံးထပ်အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်များကိုနာစာ၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကိုလတ်တို့က ဥပဒေရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကမ္ဘည်းမော်ကွန်းကို အမွေးနုံသာဖြင့် ပက်ဖျန်းပေးကြသည်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် တာဝန်ရှိသူများနှင့်အတူ ငွေတိုးစံကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သည့် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးအလျား ၆၅ ပေ၊ အနံပေ ၃၀ RC သုံးထပ်ရုံးအဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများသည် ဥပဒေအရာရှိကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တို့နှင့်အညီ ရာထူးအဆင့်နှင့်လျော်ညီစွာ ပြုမူကျင့်ကြံနေထိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဥပဒေပညာဖြင့် ကာကွယ်စောင့်ရှောက်ကြရန် ပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဥပဒေချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ ချစ်ကြည်ရင်းနှီးမှုတွေ့ဆုံပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၇

တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့်အစားအစာများကို ဖလှယ်လေ့လာနိုင်စေရန်၊ စည်းလုံးညီညွတ်မှုများပိုမိုတိုးတက်လာစေရန်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ ချစ်ကြည်ရင်းနှီးမှုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည်။

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ ချစ်ကြည်ရင်းနှီးမှုတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ပြည်ထောင်စုယိမ်းအကဖြင့်ဖျော်ဖြေခြင်း၊ ကချင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကချင်ရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှကျောင်းသား၊ ကျောင်းသူလေးများက ကယားရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကရင်ရိုးရာဒုံးအကဖြင့် ဖျော်ဖြေခြင်း၊ ချင်းစုံညီစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ချင်းရိုးရာဖလမ်း(ခေါ်)အောင်ပွဲခံအကဖြင့် ဖျော်ဖြေခြင်း၊ ဗမာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဗမာရိုးရာအကပဒေသာဖြင့် ဖျော်ဖြေခြင်း၊ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ မွန်ရိုးရာရွှေတိဂုံဘုရားပူဇော်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ရခိုင်ရိုးရာဗျာလယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဗမာရိုးရာဗျော်အကဖြင့် ဖျော်ဖြေခြင်း၊ မြို့စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ မြို့သမီးပျိုအလှယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ရှမ်းတိုးနရားနှင့် ကိန္နရီကိန္နရာအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာက ထာဝရသစ္စာတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်းသိရသည်။

လင်းခန့်

မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၇

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

(မိုး/၈လ)

ဟင်္သာတမြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်

ဟင်္သာတ မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ နွေရာသီအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ဒုတိယရဲမှူးကြီးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်းဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးသန်းကျော်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးစန္ဒာဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့သိုင်းသင်တန်းသား၊ သင်တန်းသူများက လည်းကောင်း၊ Fitness Dance သင်တန်းသား၊ သင်တန်းသူများက လည်းကောင်း သရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ နွေရာသီအားကစားသင်တန်း၌ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ်၊ Fitness Dance သင်တန်းအမျိုးအစား (၇)မျိုးအား လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ

ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၂ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"အခကြေးငွေယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ အမှုစွဲဆို ဆိုင်ပြိုင်ရန်အလို့ငှာ အမှုသည်၏ကိုယ်စားလှယ်အဖြစ် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်သူ၊ သို့မဟုတ်"

၃။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၁၀ ပြဋ္ဌာန်းချက်၏နောက်တွင် "ထို့ပြင် ရှေ့နေအဖြစ် မည်သည့် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၂ ပထမအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"မည်သူမဆို ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ တရားရုံးတစ်ရုံးရုံးတွင် ရှေ့နေအဖြစ် အမှုပိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေအဖြစ် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုပါက ၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။"

၅။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၄ ပထမအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ကိုယ်စားလှယ်တစ်ဦးဦးက ဤဥပဒေပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ တရားရုံးတစ်ရုံးရုံးတွင် ရှေ့နေအဖြစ် အမှုပိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေအဖြစ် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုပါက ၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။"

၅။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော "ငွေဒဏ် ၂၀၀ ကျပ်အထိ ချမှတ်ခံရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၃ လအထိ ချမှတ်ခံရမည်။" ဆိုသည့် စကားရပ်ကို "၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရ လည်းအရေးယူခံရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော "အဆိုပါတရားရုံး သို့မဟုတ် အဆိုပါရုံးမှ အကြီးအကဲအရာရှိ၏ အမိန့်အရ ငွေဒဏ် ၅၀၀ ကျပ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၆ လအထိ ချမှတ်ခံရမည်။" ဆိုသည့် စကားရပ်ကို "၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၆ တွင် -

(က) ပုဒ်မခွဲ (၃) ၌ ပါရှိသော "သက်ဆိုင်သည့် တရားရုံးတိုင်းတွင်" ဆိုသည့်စကားရပ်ကို "တရားရုံးအသီးသီးတွင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၆) ၌ ပါရှိသော "ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ငွေဒဏ် ၅၀၀ ကျပ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။" ဆိုသည့် စကားရပ်ကို "၃ နှစ် ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ယစ်မျိုးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ယစ်မျိုးဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ဥပဒေအမှတ် ၁၃ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယစ်မျိုးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယစ်မျိုး** ဆိုသည်မှာ အရက်နှင့်ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ခ) **အရက်** ဆိုသည်မှာ အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၀.၅ ရာခိုင်နှုန်းနှင့်အထက် ပါဝင်သည့် အရည်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်၊ ထန်းရည်၊ တည်အရက်နှင့်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဖြစ်သည်ဟု သတ်မှတ်ထားသည့် အရည်တစ်မျိုးမျိုးလည်း ပါဝင်သည်။ သို့ရာတွင် မူလသတ္တိပျက်ပြီး အရက်မပါဝင်။

(ဂ) **ယစ်မျိုးသက်ဝင်ပစ္စည်း**ဆိုသည်မှာ အရက်အာနိသင်ပါဝင်သည့် အရည် သို့မဟုတ် အရာဝတ္ထုကို ဆိုသည်။

(ဃ) **ဘီယာ** ဆိုသည်မှာ မုယောစပါး၊ ဘာလီ၊ ဂျုံ၊ ဆန်၊ ပြောင်းစသည့် ကောက်ပဲသီးနှံတစ်မျိုးမျိုး သို့မဟုတ် သကြားကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်တစ်မျိုးမျိုးကို အသုံးပြု၊ ကစော်ဖောက်ကာ တဆေးပါဝင်သည့် အရည်ဖြင့်ရောနှော၍ ချက်လုပ်ရရှိလာသည့် အရည်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဖြစ်သည်ဟု သတ်မှတ်ထားသည့် အရည်လည်းပါဝင်သည်။

(င) **ဝိုင်** ဆိုသည်မှာ စပျစ်သီး အပါအဝင်သစ်သီးတစ်မျိုးမျိုး၊ သစ်ဥ၊ သစ်ဖု၊ ဟင်းသီးဟင်းရွက်၊ ပန်း သို့မဟုတ် ပျားရည် အစရှိသည့် ပစ္စည်းတစ်မျိုးမျိုးကို သတ်မှတ်ထားသည့် ကုန်ကြမ်းပစ္စည်းနှင့်တဆေး အသုံးပြု၍ ကစော်ဖောက်ထားပြီး အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၁၈ ရာခိုင်နှုန်းထက်မများသော အရည်ကိုဆိုသည်။

(စ) **ထန်းရည်** ဆိုသည်မှာ အုန်း၊ ထန်း၊ ခနီ၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှ ထွက်ရှိပြီး ကစော်ပေါက်သည့် အရည်ကိုဆိုသည်။

(ဆ) **တည်အရက်** ဆိုသည်မှာ ပေါင်းခံချက်လုပ်ခြင်းမပြုဘဲ သဘာဝအလျောက် ကစော်ပေါက်သည့် သို့မဟုတ် ကစော်ဖောက်ထားသည့် လျော်စာရည်၊ ခေါင်ရည်၊ စိမ်ရည်ကဲ့သို့သော အရည်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်နှင့်ထန်းရည်တို့ မပါဝင်။

(ဇ) **ပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ ပြည်တွင်း၌ ပေါင်းဖိုဖြင့် ဖြစ်စေ၊ စက်ရုံဖြင့် ဖြစ်စေ ချက်လုပ်ထားသော အရက်ပြင်းကိုသော်လည်းကောင်း၊ ယင်းအရက်ပြင်းကို သောက်သုံးရန် သင့်လျော်သော အရက်အဖြစ် သတ်မှတ်ချက်နှင့်အညီ ပြုပြင်ဖန်တီးထုတ်လုပ်ထားသည့် အရက်ကိုသော်လည်းကောင်း ဆိုသည်။

(ဈ) **နိုင်ငံခြားအရက်** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အရက် သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြည်ပမှတင်သွင်းပြီး၊ ပြည်တွင်း၌ ပုလင်းသွတ်ထားသော အရက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်း၌ စက်ရုံခွဲတဘဲထောင်၍ နိုင်ငံခြားကုမ္ပဏီတစ်ခုခု၏ ထုတ်ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်အမည်ကို အသုံးပြုခွင့်ရယူကာ ယင်းကုမ္ပဏီ၏ သတ်မှတ်ကုန်ကြမ်းများ၊ နည်းစဉ်များနှင့်အညီ ထုတ်လုပ်ထားသည့် အရက်လည်းပါဝင်သည်။

(ည) **နိုင်ငံတကာအဆင့်မီပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ သတ်မှတ်နည်းလမ်းနှင့် သတ်မှတ်ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ပြည်တွင်း၌ ထုတ်လုပ်ထားသော ဘီယာ၊ ဝိုင်၊ ဗီစကီ၊ ဘရန်ဒီ၊ ဂျင်၊ ရမ်၊ ဗော်ဒ်ကာ၊ အရက်ချိုပြင်းစသည်တို့ အပါအဝင် အရက်တစ်မျိုးမျိုးကိုဆိုသည်။

(ဋ) **မူလသတ္တိပျက်ပြီးအရက်** ဆိုသည်မှာ စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုရန်၊ လူသုံးကုန်ပစ္စည်းတွင် ထည့်သွင်းအသုံးပြုရန် သို့မဟုတ် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရန် ပြုပြင်ထားပြီး၊ သောက်သုံးရန် သင့်လျော်မှုမရှိသောအရက်ကို ဆိုသည်။

(ဌ) **ယစ်မျိုးလိုင်စင်** ဆိုသည်မှာ ဤဥပဒေပါ ယစ်မျိုးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်။

(ဍ) **ယစ်မျိုးလုပ်ငန်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်းလည်း ပါဝင်သည်။

(ဎ) **ထုတ်လုပ်ခြင်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်-

(၁) အရက်ကို နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်လုပ်ခြင်း၊

(၂) ယစ်မျိုးသက်ဝင်ပစ္စည်းကို ပြန်လည်ပေါင်းခံခြင်း၊

(၃) အရက်ကို စည်ဖြင့် နှစ်ချို့ခံခြင်း၊

(၄) အရက်ကို သန့်စင်အောင်ပြုလုပ်ခြင်း၊ အနံ့အရသာထည့်သွင်းခြင်း၊ တစ်စုံတစ်ရာ ရောနှောခြင်း သို့မဟုတ် အရောင်ထည့်ခြင်း။

(ဏ) **တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း**ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ အဆင့်မြှင့်နည်းပညာအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ထပ်မံပြုပြင်ဖန်တီးထုတ်လုပ်ခြင်းကို ဆိုသည်။

(တ) **ပုလင်းသွတ်ခြင်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ပုလင်း၊ သံဘူး၊ ခရား၊ တကောင်း စသည့် ထည့်စရာတစ်ခုခုအတွင်း ပြောင်းထည့်ခြင်းနှင့် ထပ်ဆင့် ရွှေ့ပြောင်းထည့်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တံဆိပ်ကပ်ခြင်းလည်း ပါဝင်သည်။

(ထ) **ဖြန့်ဖြူးခြင်း** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရောင်းချရန် သတ်မှတ်ထားသည့်ပမာဏထက်ပို၍ ယစ်မျိုးလိုင်စင်ရှိသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ လက်ကားလွှဲပြောင်းခြင်းကိုဆိုသည်။

(ဒ) **ရောင်းချခြင်း** ဆိုသည်မှာ ဝယ်ယူသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ လက်လီလွှဲပြောင်းခြင်းကို ဆိုသည်။

(ဓ) **သယ်ယူပို့ဆောင်ခြင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့ နည်းလမ်းတစ်မျိုးမျိုးဖြင့် ရွှေ့ပြောင်းခြင်းကိုဆိုသည်။

(န) **ပြည်ပမှတင်သွင်းခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်။

(ပ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကို ဆိုသည်။

(ဖ) **နေရာ** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ လှေ၊ ဖောင် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကိုဆိုသည်။

(ဗ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ဘ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်။

(မ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ယ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ရ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(လ) **ခရိုင်ယစ်မျိုးအရာရှိ** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြီးအမှူး သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဝ) **မြို့နယ်ယစ်မျိုးအရာရှိ**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

စာမျက်နှာ ၈ သို့ ➢

➢ စာမျက်နှာ ၇ မှအဆက်

(သ) **ယစ်မျိုးကြိုးကြပ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းကို အများပြည်သူသုံးစွဲမှု စနစ်ကျနမှုရှိစေရန်၊

(ခ) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးခွန်များ အပြည့်အဝရရှိစေရေး ကြီးကြပ်နိုင်ရန်၊

(ဂ) အရက်သောက်သုံးမှုအလေ့အထ လျော့နည်းစေရန်နှင့် အရက်သောက်သုံးမှု လျှော့ချနိုင်စေရန်၊

(ဃ) လူမှုရေး၊ ကျန်းမာရေးထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး အရည်အသွေးမြင့်မားသော အရက်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်ရောင်းချခြင်းဖြစ်စေရန်၊

(င) အရက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းကို စနစ်တကျဆောင်ရွက်နိုင်စေရန်၊

(စ) အရက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်။

အခန်း(၃)

ယစ်မျိုးမူဝါဒကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ယစ်မျိုးမူဝါဒကော်မတီကို အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက ယစ်မျိုးမူဝါဒကော်မတီကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ယစ်မျိုးမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယစ်မျိုးမူဝါဒများ ချမှတ်ခြင်း -

(၁) အရက်သောက်သုံးမှုကြောင့် လူမှုရေး၊ ကျန်းမာရေး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ထိန်းသိမ်းကာကွယ်ခြင်းကိစ္စ၊

(၂) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းတို့ကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းကိစ္စ၊

(၃) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်းကိစ္စ၊

(၄) အရက်အမျိုးအစားအလိုက် ထုတ်လုပ်မှုနည်းစဉ်သတ်မှတ်ခြင်းကိစ္စ၊

(ခ) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်နိုင်ရန် အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပမာဏကို သတ်မှတ်ပေးခြင်း၊

(ဂ) အရက်စွဲသူများအတွက် ကုသရေးနှင့် ပြန်လည်သန့်စွမ်းရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ယစ်မျိုးမူဝါဒများကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း။

အခန်း(၄)

ယစ်မျိုးစီမံခန့်ခွဲရေးနှင့် ယစ်မျိုးလုပ်ငန်းများကိုကြီးကြပ်ခြင်း

၆။ ညွှန်ကြားရေးမှူးချုပ်သည် ယစ်မျိုးစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၇။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည် ယစ်မျိုးစီမံခန့်ခွဲခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာ ယစ်မျိုးအရာရှိသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည်-

(က) (၁) သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ခရိုင်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

(၂) သက်ဆိုင်ရာ မြို့နယ်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် မြို့နယ်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ဃ) အရက်ရောင်းချခြင်းဆိုင်ရာ အချိန်ကန့်သတ်ခြင်းနှင့် အရက်သောက်သုံးမှု နယ်မြေကန့်သတ်ခြင်းတို့ကို ပြုနိုင်သည်။

အခန်း(၅)

ယစ်မျိုးလိုင်စင် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၁၀။ ဦးစီးဌာနသည် ယစ်မျိုးနှင့်သက်ဆိုင်သော အောက်ပါလုပ်ငန်းများအတွက် သက်ဆိုင်ရာယစ်မျိုးလိုင်စင်ကို ခွင့်ပြုနိုင်သည်-

(က) ထုတ်လုပ်ခြင်း၊

(ခ) တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊

(ဂ) ပုလင်းသွတ်ခြင်း၊

(ဃ) ဖြန့်ဖြူးခြင်း၊

(င) ရောင်းချခြင်း၊

(စ) ဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၁၀ ပါယစ်မျိုးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်အမျိုးအစားကိုလည်းကောင်း၊ ယစ်မျိုးလိုင်စင်အမျိုးအစားအလိုက် စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၁၂။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် ယစ်မျိုးလိုင်စင်ကို လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသားအစုရှယ်ယာ ၄၉ ရာခိုင်နှုန်းနှင့်အောက်ပါဝင်သည့် နိုင်ငံခြားကုမ္ပဏီ၊

(ဂ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသား တစ်ဦးတည်းပိုင် ကုမ္ပဏီ၊ မြန်မာနိုင်ငံသားများဖြင့်ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အစုစပ်လုပ်ငန်းအဖွဲ့အစည်း။

၁၃။ ပုဒ်မ ၁၀ ပါ ယစ်မျိုးလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်လိုသူသည် ယစ်မျိုးလိုင်စင်တစ်မျိုးမျိုး ရရှိရန် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၄။ (က) ခရိုင်ယစ်မျိုးအရာရှိသည်ပုဒ်မ ၁၃ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကိုစိစစ်တင်ပြစေရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(ဂ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည် -

(က) ပုဒ်မ ၁၄ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက် လက်ခံရရှိလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၁၆။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)အရ တင်ပြသော ယစ်မျိုးလိုင်စင်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီး ယစ်မျိုးလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မိမိ၏ ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၁၇။ ပုဒ်မ ၁၆ ပုဒ်မခွဲ (က) အရ ခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုး လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင် ထုတ်ပေးရမည်။

၁၈။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ယစ်မျိုးလိုင်စင်ကို သက်တမ်းတိုးလျှောက်ထားလိုလျှင် မြို့နယ်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၁၉။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၂၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၁၉ အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တွင်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

စာမျက်နှာ ၉ သို့ ➢

➢ စာမျက်နှာ ၈ မှအဆက်

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက်လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့တင်ပြရမည်။

၂၁။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)အရ တင်ပြချက်အပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မိမိ၏ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၂၂။ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ သက်တမ်းတိုးခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင်ထုတ်ပေးရမည်။

၂၃။ (က) ဦးစီးဌာနသည် လေလံစနစ်ဖြင့် ခွင့်ပြုနိုင်သော ယစ်မျိုးလုပ်ငန်းအမျိုးအစားကို သတ်မှတ်နိုင်သည်။

(ခ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(က)အရ သတ်မှတ်သော ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ထုတ်ပေးရမည်။

၂၄။ ယစ်မျိုးလိုင်စင်ကို မည်သည့်ရက်တွင် ထုတ်ပေးစေကာမူ ယင်း၏သက်တမ်းသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်ရက်အထိသာ အတည်ဖြစ်သည်။

အခန်း(၆)

ယစ်မျိုးလိုင်စင်ရရှိသူ၏ တာဝန်များ

၂၅။ ယစ်မျိုးလိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်ပြင် ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စနစ်တကျ စာရင်းပြုစုထားရမည်။

၂၆။ ယစ်မျိုးလိုင်စင်ရရှိသူသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း(၇)

ယစ်မျိုးလိုင်စင်ရရှိသူအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်းလဲခွင့်၊ လိုင်စင်ပိတ်သိမ်းခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၂၇။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် သက်ဆိုင်ရာ ခရိုင်ယစ်မျိုး အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည် -

(က) ယစ်မျိုးလိုင်စင်ရရှိသူအမည် ပြောင်းလဲခြင်း၊

(ခ) ယစ်မျိုးလိုင်စင်ရရှိထားသည့်တည်နေရာ ပြောင်းလဲခြင်း၊

(ဂ) ယစ်မျိုးလိုင်စင်အမျိုးအစားတစ်ခုမှ အခြားယစ်မျိုးလိုင်စင်အမျိုးအစားတစ်ခုသို့ပြောင်းလဲခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် ပိတ်သိမ်းခြင်း။

၂၈။ (က) ခရိုင်ယစ်မျိုးအရာရှိသည်ပုဒ်မ ၂၇ ပါကိစ္စတစ်ရပ်ရပ်အတွက် လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကို စိစစ်တင်ပြစေရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(ဂ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုး အရာရှိသည်-

(က) ပုဒ်မ ၂၈ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၃၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၇ ပုဒ်မခွဲ(က)။ (ခ) သို့မဟုတ် (ဂ)ပါ ပြောင်းလဲခြင်းအတွက် ခွင့်ပြုချက်ရရှိသူသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ကြေးကို ပေးသွင်းရမည်။

အခန်း(၈)

အရက်သိုလှောင် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၃၁။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့် အရက်ကို ယစ်မျိုးလိုင်စင်ပါ မူလခွင့်ပြုထားသည့် နေရာအပြင် အခြားနေရာတွင် သိုလှောင်ခြင်းပြုလုပ်လိုလျှင် အရက်သိုလှောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၂။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော် ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၃၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုး အရာရှိသည်-

(က) ပုဒ်မ ၃၂ ပုဒ်မခွဲ (ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ကို တင်ပြတောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ တောင်းခံသည့်သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် ယင်းသဘောထားမှတ်ချက်နှင့်အညီဆောင်ရွက်ရန် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ ညွှန်ကြားရမည်။

၃၄။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ အရက်သိုလှောင်ခွင့်ပြုမိန့်၊ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပုဒ်မ ၃၃ ပုဒ်မခွဲ (ခ)ပါ ညွှန်ကြားချက် နှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ ဦးစီးဌာနသည် ယစ်မျိုးလိုင်စင်ရယူရန်မလိုဘဲ လက်ဝယ်ထားပိုင်ခွင့်ရှိသော အရက်အမျိုးအစားအလိုက် အရေအတွက်၊ ပမာဏကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

အခန်း(၉)

အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့်ငြင်းပယ်ခြင်း

၃၆။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့်အရက်ကို ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရှိသူ သို့မဟုတ် ရောင်းချခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရှိသူထံ သယ်ယူပို့ဆောင်ခြင်းပြုလိုလျှင် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၇။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်ပြီး အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း(၁၀)

အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခွင့်၊ တိုးချဲ့ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၃၈။ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသောစက်ရုံကို တိုးချဲ့ခြင်းနှင့် ခွင့်ပြုထားသောနေရာ၌ ယစ်မျိုးလုပ်ငန်းပမာဏတိုးချဲ့ခြင်း၊

(ဂ) ခွင့်ပြုထားသော စက်ရုံမြေဧရိယာအပြင် ဆက်စပ်မြေဧရိယာတိုးချဲ့ခြင်းနှင့် ယစ်မျိုးလိုင်စင်ပါ ယစ်မျိုးလုပ်ငန်းပမာဏတိုးချဲ့ခြင်း၊

(ဃ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော စက်ရုံတည်ရှိရာနေရာမှ အခြားနေရာသို့ စက်ရုံပြောင်းရွှေ့တည်ထောင်ခြင်း။

၃၉။ ပုဒ်မ ၃၈ ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် -

(၁) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည်။

(၂) ပုဒ်မခွဲငယ်(၁)အရ စိစစ်ပြီး ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၃၈ ပါကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည် အာမခံကြေးအပါအဝင် ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၄၁။ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရုံတည်ထောင်ရန်အလို့ငှာမြေနေရာပြင်ဆင်ခြင်း၊ စက်ကိရိယာများတပ်ဆင်ခြင်းအပါအဝင်လုပ်ငန်းဆောင်ရွက်ချက်များကို ဦးစီးဌာနသို့တင်ပြ၍ လမ်းညွှန်ချက်ရယူရမည့်ပြင် ဦးစီးဌာန၏ စစ်ဆေးခြင်းကိုလည်းခံယူရမည်။

(ခ) စက်ရုံတည်ထောင်ပြီးပါက ထုတ်လုပ်ခြင်းအတွက် ယစ်မျိုးလိုင်စင်ကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

အခန်း (၁၁)

ဖြန့်ဖြူးခြင်းနှင့်ရောင်းချခြင်း

၄၂။ ထန်းရည်ကို ထန်းရည်ရောင်းချခွင့်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူထံ သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမှတစ်ပါး စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုလုပ်လိုသူသည် သက်ဆိုင်ရာယစ်မျိုးလိုင်စင် သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ် လျှောက်ထားရယူရမည်။

ရှင်းလင်းချက်။ စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းဆိုသည်မှာ ၅၀ လီတာထက်ပိုသည့် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

၄၃။ ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသော အခြားသူထံ အရက်ကို အွန်လိုင်းစနစ်ဖြင့် ဖြန့်ဖြူးခြင်းပြုလုပ်လိုလျှင် ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသောသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာယစ်မျိုးလိုင်စင် သို့မဟုတ် ပုလင်းသွတ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်အမျိုးအစားတစ်ခုချင်းအလိုက် သောက်သုံးရန်သင့်လျော်သော အရက်ဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့်သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်။

အခန်း (၁၂)

ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း

၄၅။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေ အရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပသို့တင်ပို့နိုင်သည်။

၄၆။ ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသောသတ်မှတ်ချက်နှင့်အညီ ပြည်ပမှတင်သွင်းနိုင်သည်။

စာမျက်နှာ ၁၀ သို့ ➢

➢ **စာမျက်နှာ ၉ မှအဆက်**

၄၇။ ဦးစီးဌာနသည် အရက်ကို ပြည်ပမှတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကန့်သတ်နိုင်သည်။

အခန်း (၁၃)

ယစ်မျိုးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့်အရေးယူခြင်း

၄၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ယစ်မျိုးလိုင်စင်ရရှိထားသည့် ယစ်မျိုးလုပ်ငန်းများကိုစစ်ဆေးခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးအရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော အဖွဲ့ကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၉။ ခရိုင်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ယစ်မျိုးအရာရှိသည် အရက်ထုတ်လုပ်ခြင်းပြုသည့် နေရာ၊ အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

၅၀။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည် -

(က) အောက်ပါယစ်မျိုးလုပ်ငန်းဆိုင်ရာနေရာနှင့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်း သယ်ဆောင်သည့် ယာဉ်တို့ကို သတ်မှတ်ချက်နှင့်အညီစစ်ဆေးရမည် -

(၁) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကိုထုတ်လုပ်ခြင်း၊

(၂) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊

(၃) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို သိုလှောင်ခြင်း၊

(၄) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖြန့်ဖြူးခြင်း၊

(၅) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ရောင်းချခြင်း။

(ခ) ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စစ်ဆေးခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင်တွေ့ရှိသည့် အရက်၊ ယစ်မျိုးသက်ဝင်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် ချိန်တွယ်ခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ) သို့မဟုတ် (ဂ) အရ စစ်ဆေးရာတွင် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုထားသည့် ယစ်မျိုးလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရမည်။

၅၁။ မြို့နယ်ယစ်မျိုးအရာရှိသည် အများပြည်သူအေးချမ်းသာယာရေးအလို့ငှာ လိုအပ်သည်ဟု ထင်မြင်ယူဆပါက အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်အချိန် သို့မဟုတ် ကာလအထိ ယာယီပိတ်ထားရန် မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏သဘောတူညီချက်ရရှိလျှင် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ တင်ပြပြီး ညွှန်ကြားနိုင်သည်။

၅၂။ အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးသော်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း သို့မဟုတ် ဖြစ်ပွားနေကြောင်း ယုံကြည်လောက်သော သတင်းရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဖြစ်စေ၊ သက်ဆိုင်ရာရဲစခန်းမှူးကဖြစ်စေ သင့်လျော်သည့်အချိန်ကာလအပိုင်းအခြားအထိ အဆိုပါနေရာကို ယာယီပိတ်ထားရန် မြို့နယ်ယစ်မျိုးအရာရှိ၏သဘောတူညီချက်ဖြင့် ညွှန်ကြားနိုင်သည်။

၅၃။ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် -

(က) ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ ညွှန်ကြားချက်ရရှိလျှင် အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည်။

(ခ) ပုဒ်မ ၅၂ အရ ညွှန်ကြားချက် တစ်စုံတစ်ရာမရရှိစေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပွားပါက အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည် -

(၁) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းဖြစ်ပွားခြင်း၊

(၂) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်ပွားခြင်း။

အခန်း (၁၄)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၄။ ယစ်မျိုးလိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့်သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယစ်မျိုးလိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၄၁ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပိတ်သိမ်းခြင်း။

အခန်း (၁၅)

အယူခံခြင်း

၅၅။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၅၄ အရ ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိလျှင် ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း (၁၆)

တားမြစ်ချက်များ

၅၆။ ထန်းရည်ကို ယစ်မျိုးလိုင်စင်ရရှိသူထံ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မှတစ်ပါး မည်သူမျှ ယစ်မျိုးလိုင်စင်မရှိဘဲ စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၅၇။ မည်သူမျှ တည်အရက်ကို -

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(ခ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(ဂ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၅၈။ မည်သူမျှ ဝိုင်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်းမပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်းမပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၅၉။ မည်သူမျှ ပြည်တွင်းဖြစ်အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းမပြုရ။

(ဂ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ဃ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့်ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၆၀။ မည်သူမျှ ထန်းရည် သို့မဟုတ် တည်အရက်ကို ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းမပြုရ။

၆၁။ မည်သူမျှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့်အရက်ကို -

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ခ) တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်းမပြုရ။

(ဂ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(ဃ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(င) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၆၂။ မည်သူမျှ နိုင်ငံခြားအရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ဂ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်းမပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(င) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၆၃။ မည်သူမျှ ဘီယာနှင့် ဝိုင်မှတစ်ပါး နိုင်ငံတကာအဆင့်မီ ပြည်တွင်းဖြစ်အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(င) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့်ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၆၄။ မည်သူမျှ ဘီယာကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်းမပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်းမပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

၆၅။ မည်သူမျှ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။

၆၆။ မည်သူမျှ သိလျက်နှင့် ယစ်မျိုးလိုင်စင်မရှိသူကို ယစ်မျိုးလုပ်ငန်းတစ်မျိုးမျိုးလုပ်ကိုင်ရန် နေရာကို ငှားရမ်းခြင်းမပြုရ။

စာမျက်နှာ ၁၁ သို့ ➢

➢ **စာမျက်နှာ ၁၀ မှအဆက်**

၆၇။ မည်သူမျှ မူလသတ္တိပျက်ပြီးအရက်ကို သောက်သုံးနိုင်သောအရက်ဖြစ်စေရန်-
(က) ပြုပြင်ပြောင်းလဲခြင်း မပြုရ။
(ခ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။
(ဂ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၈။ မည်သူမျှ အောက်ဖော်ပြပါသူတစ်ဦးဦးကို အရက်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ-
(က) သာသနာ့ဝန်ထမ်း၊
(ခ) စိတ်ပျံသွပ်သူ၊
(ဂ) အသက် ၁၈ နှစ်မပြည့်သူ၊
(ဃ) နည်းဥပဒေဖြင့် သတ်မှတ်ထားသူ။

၆၉။ မည်သူမျှ အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို-
(က) အလိုအလျောက်အရောင်းစက်ဖြင့် ရောင်းချခြင်း မပြုရ။
(ခ) သောက်သုံးမည့် အများပြည်သူထံ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း မပြုရ။
(ဂ) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြော်ငြာခြင်းမပြုရ။
(ဃ) အရောင်းပမာဏမြင့်တက်စေရန် ပုံမှန်စျေးနှုန်းအောက်လျှော့ချခြင်း၊ နမူနာပေးကမ်းခြင်း၊ ကံစမ်းမဲအစီအစဉ်ပြုလုပ်ခြင်း သို့မဟုတ် ဝယ်ယူမှုအပေါ် အပိုဆောင်းလက်ဆောင် ပေးကမ်းခြင်းဖြင့် ရောင်းချခြင်း မပြုရ။

၇၀။ ယစ်မျိုးလိုင်စင်ရရှိသူမှတစ်ပါး မည်သူမျှ ပုဒ်မ ၃၅ အရ သတ်မှတ်သော အရေအတွက်၊ ပမာဏထက်ပိုသောအရက်ကို လက်ဝယ်ထားခြင်းမပြုရ။

၇၁။ လိုင်စင်ရရှိသူမည်သူမျှ-
(က) မိမိအားထုတ်ပေးထားသော ယစ်မျိုးလိုင်စင်ကို ဦးစီးဌာန၏ခွင့်ပြုချက်မရဘဲ အခြားသူတစ်ဦးဦးထံ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။
(ခ) ယစ်မျိုးလိုင်စင်ပါ ခွင့်ပြုသောနေရာအပြင် အခြားနေရာ၌ ယစ်မျိုးလိုင်စင်ကို မိတ္တူပွားး၍ အသုံးမပြုရ။

၇၂။ ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူ မည်သူမျှ အရက်ရောင်းချခြင်းပြုသည့်နေရာတွင် အမျိုးသမီးကို ခိုင်းစေခြင်း သို့မဟုတ် ခိုင်းစေခွင့်ပြုခြင်းမပြုရ။

အခန်း (၁၇)
ပြစ်မှုနှင့်ပြစ်ဒဏ်

၇၃။ မည်သူမဆို ပုဒ်မ ၅၆၊ ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၇၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို -
(က) ပုဒ်မ ၅၈ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (က)၊ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ခ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၆၂ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို -
(က) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ခ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ဂ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မ ၆၃ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၇။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၈။ မည်သူမဆို -
(က) ပုဒ်မ ၆၇ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၁၅၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။
(ခ) ပုဒ်မ ၆၇ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
(ဂ) ပုဒ်မ ၆၇ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်ချမှတ်ရမည်။

၈၃။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။
(ခ) မည်သည့်ယစ်မျိုးလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူမဆို ပုဒ်မ ၅၄ အရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခံရပြီးနောက် လိုက်နာရမည့်အလားတူသတ်မှတ်ချက်ကို ထပ်မံပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

၈၄။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ-
(က) ပြစ်မှုနှင့်သက်ဆိုင်သည့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရမည်။
(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း ပြုရမည်။
(ဂ) ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် တိရစ္ဆာန်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

အခန်း(၁၈)
အထွေထွေ

၈၅။ ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို မသိလျှင် သော်လည်းကောင်း၊ ရှာဖွေမတွေ့လျှင်သော်လည်းကောင်း၊ ပိုင်ရှင်ဖြစ်ကြောင်း ခိုင်မာစွာတင်ပြနိုင်ခြင်း မရှိလျှင်သော်လည်းကောင်း ခရိုင်ယစ်မျိုးအရာရှိသည် မြို့နယ်ယစ်မျိုးအရာရှိ၏ စစ်ဆေးတင်ပြချက်အပေါ် စိစစ်ပြီး ယင်းပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရမည်။

၈၆။ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း သို့မဟုတ် ရိုးရာပွဲတော်အတွက် ထန်းရည် သို့မဟုတ် တည်အရက်ကို သောက်သုံးရန် ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်ရယူခြင်းမှလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် သယ်ယူပို့ဆောင်ခွင့်လက်မှတ်ရယူခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ရှိသည်။

၈၇။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် မိမိစက်ရုံမှထုတ်လုပ်သော အရက်ပြင်းကို၊ သောက်သုံးရန်မဟုတ်သည့်အခြားကိစ္စတစ်ရပ်ရပ်အတွက် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်လိုပါက ပုဒ်မ ၁၀ ပါသက်ဆိုင်ရာယစ်မျိုးလိုင်စင်ကို လျှောက်ထားရမည်။

စာမျက်နှာ ၁၂ သို့ ➢

➢ **စာမျက်နှာ ၁၁ မှအဆက်**

၈၈။ ယစ်မျိုးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်းခံရလျှင် ယစ်မျိုးလိုင်စင်ရရှိထားသူသည် ယစ်မျိုးလိုင်စင်ကြေး၊ လျော်ကြေး သို့မဟုတ် နစ်နာကြေးကို ဖြစ်စေ၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်းခံရလျှင် ခွင့်ပြုမိန့်ရရှိထားသူသည် အာမခံကြေး သို့မဟုတ် အခကြေးငွေကိုဖြစ်စေ တောင်းခံပိုင်ခွင့်မရှိစေရ။

၈၉။ ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည်-

(က) အများပြည်သူနှင့်သက်ဆိုင်သော နေရာတစ်ခုခုတွင် ပုဒ်မ ၉၃ ပါပြစ်မှုများမှတစ်ပါး ဤဥပဒေပါ အခြားပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိလျှင် ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် အရက်နှင့်ပစ္စည်းကိရိယာတို့ကို သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ဖမ်းဆီးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ယစ်မျိုးအရာရှိထံသတ်မှတ်ချက်နှင့်အညီတင်ပြရမည်။

၉၀။ အများပြည်သူနှင့်သက်ဆိုင်ခြင်းမရှိသော နေရာတစ်ခုခုတွင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ကြောင်း ယုံကြည်လောက်သည့်သတင်းရရှိလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင်-

(က) ယစ်မျိုးအရာရှိအဆင့်ဆင့်သည်-

(၁) သက်ဆိုင်ရာနယ်မြေအတွင်း မိမိကိုယ်တိုင်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ်(၁) အရ ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ ဖမ်းဆီးစေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းစေခြင်းပြုနိုင်သည်။

၉၁။ ဦးစီးဌာနသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ယစ်မျိုးလိုင်စင်ရှိသူကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အမည်ပျက်စာရင်းထည့်သွင်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းမှ ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၉၂။ ဤဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မ ၇၄ ပုဒ်မခွဲ (က)၊ (ဂ)၊ (ဃ) နှင့် (င)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င) နှင့် (စ)၊ ပုဒ်မ ၇၈၊ ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၁ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၃။ ဤဥပဒေပုဒ်မ ၇၄ ပုဒ်မခွဲ(ခ)၊ (စ)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (ဂ)၊ (ဆ)၊ ပုဒ်မ ၇၆၊ ပုဒ်မ ၇၇၊ ပုဒ်မ ၇၉၊ ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ခရိုင်ယစ်မျိုးအရာရှိကဖြစ်စေ၊ ယင်းကဘာဝန် ပေးအပ်သော ဦးစီးဌာနရှိ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စာဖြင့်ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ခြင်းမပြုရ။

၉၄။ The Myanmar Excise Act အရ ထုတ်ပေးထားသည့် ယစ်မျိုးလိုင်စင်နှင့် ခွင့်ပြုချက်များသည် ယင်းသက်တမ်းကုန်ဆုံးသည့်ရက်အထိ အတည်ဖြစ်သည်။

၉၅။ သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိနှင့် မြို့နယ်ယစ်မျိုးအရာရှိတို့သည်-

(က) ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကောက်ခံသည့် ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၉၆။ The Myanmar Excise Act အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ အမိန့်ဆင့်ဆိုချက်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၇။ ယစ်မျိုးအရာရှိတစ်ဦးဦးကို ဤဥပဒေအရဖြစ်စေ၊ ယစ်မျိုးခွန်နှင့်စပ်လျဉ်းသည့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်မှု သို့မဟုတ် သဘောရိုးဖြင့် အမိန့်ထုတ်ပြန်မှုတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးရခြင်းအတွက် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၉။ The Myanmar Excise Act (Myanmar Act V, 1917)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၄ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မျိုးစေ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ နှင့် ၂၉ တို့တွင်ပါရှိသော "ကျပ်တစ်ဆယ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းသုံးဆယ်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

မြေဩဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
မြေဩဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၅ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြေဩဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ မြေဩဇာဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေဩဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သိန်း ၃၀ အထိဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေဩဇာဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော "ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် ၁၅ သိန်းအထိဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

▲ ပေါက်ခေါင်းမြို့နယ်မှ

လျှပ်စစ်ဌာနဝန်ထမ်းများမှ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား လိုက်လံစစ်ဆေးပြီး ဈေးသူ/ဈေးသားများအား မီးဖြို့မ်းသတ်နည်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

◆ ကျောပုံးမှအဆက်

ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲကျား၊ ပဲယဉ်း၊ ပဲပုပ်၊ မတ်ပဲနှင့်အခြားပဲစုစုပေါင်းစိုက်ဧက ၁၂၅၂၅၅ ဧကစိုက်ပျိုးခဲ့ကြသည်။

"တောင်သူတွေအနေနဲ့ ဆောင်းပဲမျိုးစုံစိုက်ပျိုးကြပြီးတော့ ကုလားပဲတစ်ဧကကို ၁၅ ဒသမ ၃၃ တင်း၊ ပဲတီစိမ်းတစ်ဧကကို ၁၆ ဒသမ ၄၀ တင်း၊ ပဲမျိုးစုံတစ်ဧကကို ၁၅ ဒသမ ၁၈ တင်း၊ ပဲကြီးတစ်ဧကကို ၁၂ ဒသမ ၈၃ တင်း၊ ပဲကျားတစ်ဧကကို ၁၃ ဒသမ ၈၀ နဲ့ ပဲယဉ်းတစ်ဧကကို ၁၂ ဒသမ ၉၃ တင်းလောက် အထွက်နှုန်းရရှိကြတယ်"ဟု ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ညိမ်းထွေးကပြောသည်။

ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် ပဲမျိုးစုံစိုက်ဧက ၅၈၃၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၂၄၃၃ ဧကနှင့် မြစ်သားမြို့နယ်တွင် ၄၄၆၄၇ ဧက စုစုပေါင်းခရိုင်အတွင်း စိုက်ဧက ၁၂၅၂၅၅ ဧကစိုက်ပျိုးခဲ့ပြီး ဒေသအတွင်းမှ ပဲစိုက်တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းကောင်းမွန်စေရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

နိုင်ငံ့အရေးဆောင်ရွက်မည့်နိုင်ငံရေးသမားများဖြစ်ရန်လိုသည်

ကေတုမတီ သောင်းအေး

ဒီမိုကရေစီအခြေခံထားသော လူ့အဖွဲ့အစည်းတိုင်းတွင် နိုင်ငံရေးသမား၏အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ နိုင်ငံရေးသမားများသည် ပြည်သူများကိုကိုယ်စားပြု၍ နိုင်ငံ၏ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံရေးသမားကောင်းသည် ရွေးကောက်ပွဲများတွင် အနိုင်ရရှိခြင်းတို့ထက် ပိုမိုကျယ်ပြန့်သော အရည်အချင်းများရှိရမည်။ ထိုအရည်အချင်းများတွင် ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးလိုမှု၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသည့် လူသားအခွင့်အရေးအပေါ် လေးစားမှုတို့ပါဝင်သည်။

ရှေးဂရိတွေးခေါ်ပညာရှင်အရစ္စတိုတယ်က **နိုင်ငံရေး**ဆိုသည်မှာ "လူသားများသည် လုံခြုံစိတ်ချစွာရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံကိုတည်ထောင်ကြသော်လည်း နိုင်ငံတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကောင်းမွန်သောဘဝရှိရုန်ဖြစ်သည်" (Men form states to secure a bare subsistence, but the ultimate object of the state is the good life)ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဒေးဗစ် အစ်စတန်(David Easton)က နိုင်ငံရေးကို လူ့အဖွဲ့အစည်းတစ်ခုအတွက်တန်ဖိုးများကို အခွင့်အာဏာဖြင့် ခွဲဝေဆုံးဖြတ်ခြင်း(The authoritative allocation of values for a society) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နိုင်ငံရေးကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသော်လည်း နိုင်ငံရေး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်တည် ဆောက်ရေးသာဖြစ်သည်။ နိုင်ငံရေးသည် မတူညီသည့်နိုင်ငံရေးအမြင်၊ မတူညီသည့်သဘောထားရှိသူများက နိုင်ငံတည်ဆောက်ရေးအတွက် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အကောင်းဆုံးတွေကို ရွေးချယ်ကာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံရေးသည် မိမိနှင့်အမြင်မတူ၊ သဘောထားမတူသူများကို ဆန့်ကျင်ရသည့် ပုံစံမျိုးမဟုတ်ဘဲ မတူညီသော အရာများထဲမှ နိုင်ငံအတွက် အကောင်းဆုံးအခြေအနေများကိုရွေးချယ်ကာ နိုင်ငံကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ရသည်။ မိမိပြိုင်ဘက်က ပြောဆိုသမျှကို ကန့်ကွက်ခြင်းမျိုးသည် မဖြစ်သင့်ဘဲ နိုင်ငံတော်အတွက်ကောင်းမွန်သောပြောဆိုချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များဖြစ်ပါက လက်ခံပေးရမည်ဖြစ်သည်။ နိုင်ငံရေးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ချစ်ခြင်း၊ မုန်းခြင်းကင်း၍ နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်သင့်သည်များကို ပြတ်သားစွာဆောင်ရွက်ရန်လိုသည်။

နိုင်ငံ့အရေးဆိုသည်မှာ "နိုင်ငံအတွင်း မှီတင်းနေထိုင်သော ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆိုလိုခြင်း" ဖြစ်သည်။ နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို ရေရှည်အကျိုးရှိအောင် ထိန်းသိမ်းရေးတို့လည်း နိုင်ငံ့အရေးတွင် အရေးပါသောအချက်များဖြစ်သည်။ နိုင်ငံ့အရေးက အစိုးရတစ်ရပ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်း၏ကိစ္စမဟုတ်ဘဲ "နိုင်ငံသားတိုင်း၏ ကံကြမ္မာကို ဆုံးဖြတ်ပေးနေသည့် ဘုံအရေးကိစ္စ"သာဖြစ်သည်။ အချို့ရုပ်ရှင်ရုံများ၌ နိုင်ငံတော်အလံကိုပင် အလေးမပြုကြသူများနှင့် နိုင်ငံတော်သီချင်း သီဆိုခြင်းမရှိကြသူများပင် ရှိကြသည်ဟု စိတ်မကောင်းဖြစ်ဖွယ် သိရှိရသည်။ နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်ကိုအစွဲပြု၍ ချစ်ခြင်းထက် မှန်ကန်သော တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံအပေါ် စောင့်ထိန်းရမည့်တာဝန်များကို စောင့်ထိန်းပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည်လည်း ပါတီနိုင်ငံရေးလုပ်၍ မရသော်လည်း နိုင်ငံ့အရေးတွင် အားလုံးတာဝန်ရှိကြသည်သာဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပသည့်နယ်မြေများတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် မဲလာရောက်ပေးသူ ၁၃ ဒသမ ၁၄ သန်းခန့်ရှိသည်။ မဲပေးသည့် ရာခိုင်နှုန်းမှာ ၅၄ ဒသမ၂၂ ရာခိုင်နှုန်းဖြစ်သည်။ ရွေးကောက်ခံရသူများအနေဖြင့် ဒီမိုကရေစီကိုလိုလားသူပြည်သူများက မဲပေးရွေးချယ်ထားခြင်းဖြစ်သောကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံကောင်းကျိုးအတွက် အလုပ်လုပ်ရန်လိုအပ်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား အမှာစကား ပြောကြားရာတွင် **"နိုင်ငံ့အရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းအရ နိုင်ငံသားအားလုံး တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်စွဲရှိကြသည်ကိုလည်း တွေ့ရကြောင်း၊ လူပုဂ္ဂိုလ်ကိုအစွဲပြု၍ တိုင်းချစ်ပြည်ချစ်စိတ်ရှိခြင်းထက် နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသား**

> **➤ နိုင်ငံရေးသည် မိမိနှင့်အမြင်မတူ၊ သဘောထားမတူသူများကို ဆန့်ကျင်ရသည့် ပုံစံမျိုးမဟုတ်ဘဲ မတူညီသောအရာများထဲမှ နိုင်ငံအတွက် အကောင်းဆုံးအခြေအနေများကိုရွေးချယ်ကာ နိုင်ငံကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ရ . . .**
>
> **➤ နိုင်ငံရေးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ချစ်ခြင်း၊ မုန်းခြင်းကင်း၍ နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်သင့်သည်များကို ပြတ်သားစွာဆောင်ရွက်ရန်လို . . .**
>
> **➤ နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်ကိုအစွဲပြု၍ ချစ်ခြင်းထက် မှန်ကန်သော တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံအပေါ် စောင့်ထိန်းရမည့်တာဝန်များကို စောင့်ထိန်းပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်. . .**

> **➤ နိုင်ငံရေးကောင်းမွန်ရန်အတွက် ပြည်သူတစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိတတ်မှု၊ နိုင်ငံရေးခေါင်းဆောင်များ၏ ကိုယ်ကျင့်တရားနှင့် စနစ်တကျစီမံအုပ်ချုပ်နိုင်မှုတို့ အားလုံးပေါင်းစပ်ရန် လိုအပ် . . .**
>
> **➤ နိုင်ငံ့အရေးကောင်းမွန်စေရန်အတွက် အရေးအကြီးဆုံးမှာ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေပြု၍ ပြည်သူ့အကျိုးကို ရှေးရှုသည့်စနစ်မှန်ဖြင့် တိုင်းပြည်ကိုဦးဆောင်သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများနှင့် အသိပညာနှင့်ပြည့်စုံသည့် နိုင်ငံသားတို့ ပေါင်းစပ်ရန်လိုအပ် . . .**

တိုင်း မှန်မှန်ကန်ကန်ဖြင့်တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ခွဲခြားစွာသိမြင်ကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံရေးကောင်းမွန်ပါက တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုအားကောင်းလာပြီး ငြိမ်းချမ်းရေးကိုလည်း အထောက်အပံ့ပြု ထိန်းသိမ်းနိုင်ပါသည်။ နိုင်ငံရေးမကောင်းပါက အခွင့်အာဏာကို ကိုယ်ကျိုးအတွက် မတရားသဖြင့်အသုံးချမှုများ၊ အဂတိလိုက်စားမှုများနှင့် မညီမျှမှုများဖြစ်ပေါ်လာကာ ပြည်သူ့ယုံကြည်မှုပျက်စီးသွားနိုင်သည်။ ထို့ကြောင့် နိုင်ငံရေးကောင်းမွန်ခြင်းသည် အာဏာရသူများအတွက်မဟုတ်ဘဲ ပြည်သူ့လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် နိုင်ငံ၏အနာဂတ်ကို တည်တံ့ခိုင်မြဲစေရန်အတွက် အလွန်အရေးပါသည်ကို တွေ့ရသည်။

နိုင်ငံရေးကောင်းမွန်ရန်အတွက် ပြည်သူတစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိတတ်မှု၊ နိုင်ငံရေးခေါင်းဆောင်များ၏ ကိုယ်ကျင့်တရားနှင့် စနစ်တကျစီမံအုပ်ချုပ်နိုင်မှုတို့ အားလုံးပေါင်းစပ်ရန်လိုအပ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိပညာရှိအောင်လေ့လာခြင်း၊ သတင်းအချက်အလက်များကို မှန်မမှန် စဉ်းစားချင့်ချိန်သုံးသပ်ပြီး အကြမ်းမဖက်သောနည်းလမ်းဖြင့် မိမိအမြင်ကို ဥပဒေနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ခြင်းတို့ ပြုလုပ်သင့်သည်။ နိုင်ငံရေးခေါင်းဆောင်များကလည်း မိမိကိုယ်ကျိုးထက်ပြည်သူ့အကျိုးကိုဦးစားပေးကာ ဥပဒေအပေါ် လေးစားလိုက်နာခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်းနှင့် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုကိုအခြေခံ၍ မိမိနိုင်ငံ၏လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီယဉ်ကျေးမှုကိုတည်ဆောက်နိုင်မှသာ ကောင်းမွန်သောနိုင်ငံရေးစနစ်တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

နိုင်ငံ့အရေးကောင်းမွန်ပါက လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး နိုင်ငံ၏ သဘာဝအရင်းအမြစ်များကိုလည်း ရေရှည်အကျိုးရှိအောင် ထိန်းသိမ်းစီမံနိုင်သည်။ နိုင်ငံ့အရေးမကောင်းပါက ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးစနစ်များ အားနည်းလာပြီး လူတန်းစားမညီမျှမှုများ ဖြစ်ပေါ်လာနိုင်သည်။ ထိုအခြေအနေများကတစ်ဆင့် လူမှုစီးပွားချို့တဲ့ခြင်း၊ ကျန်းမာရေးအားနည်းခြင်းများနှင့် အတူ မတည်ငြိမ်မှုများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် နိုင်ငံ့အရေးကောင်းမွန်ခြင်းသည် လက်ရှိမျိုးဆက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို အမွေချန်ထားပေးနိုင်ရန် အရေးပါသောအခြေခံအချက်တစ်ရပ်ဖြစ်သည်။

နိုင်ငံ့အရေးကောင်းမွန်စေရန်အတွက် အရေးအကြီးဆုံးမှာ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေပြု၍ ပြည်သူ့အကျိုးကိုရှေးရှုသည့်စနစ်မှန်ဖြင့် တိုင်းပြည်ကို ဦးဆောင်သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများနှင့် အသိပညာနှင့်ပြည့်စုံသည့် နိုင်ငံသားတို့ ပေါင်းစပ်ရန်လိုအပ်သည်။ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးတို့သာမက ပညာရေးနှင့် ကျန်းမာရေးစနစ်များကို အရည်အသွေးပြည့်မီအောင် ဖော်ဆောင်ခြင်းကလည်း လူ့စွမ်းအား အရင်းအမြစ်ကို မြှင့်တင်ပေးကာ နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသည်။ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် သဘာဝအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်းတို့က နိုင်ငံ့အကျိုးစီးပွားကို တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံ၏အနာဂတ်အတွက် အကျိုးဖြစ်ထွန်းသော လမ်းကြောင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မိမိနိုင်ငံရေးပါတီ၏ အကျိုးစီးပွားကိုသာ ဦးစားပေးခြင်း၊ နိုင်ငံတော်၏အကျိုးကို ဦးစားပေးမှုမရှိခြင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မမှန်ကန်သည့် မဲဆွယ်စည်းရုံးမှုများပြုလုပ်ခြင်းများနှင့်ပါတီ၏အကျိုးစီးပွားကိုသာအဓိကထားပါက နိုင်ငံ၏အမျိုးသားညီညွတ်မှုကို ပျက်စီးစေနိုင်သည်။ နိုင်ငံရေးသမားများသည် ပါတီ၏အကျိုးစီးပွားကိုသာမက နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုလည်း အစွမ်းကုန်ဆောင်ရွက်ရန်လိုသည်။ နိုင်ငံကောင်းအောင်လုပ်ပါက ကျွဲကူးရေပါဆိုသကဲ့သို့ သက်ဆိုင်ရာပါတီ၏ပုံရိပ်လည်း ကောင်းလာမည်ဖြစ်သည်။ ရွေးကောက်ခံနိုင်ငံရေးသမားများသည်ပြည်သူ့အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးပါက ပါတီ၏ပုံရိပ်လည်း အလိုလိုတက်လာပြီး အလုပ်နှင့်စည်းရုံးပြီးသားဖြစ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ◆

★ စာမျက်နှာ ၁၅ မှအဆက်

ဌာနကြီးဖြစ်အောင်အားလုံးကဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ရောဂါဖြစ်မှကုသခြင်းထက် "ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်းသည်" ဆိုသည့်အတိုင်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံများရှိစေရန်၊ အရက်နှင့်ဆေးလိပ်သုံးစွဲမှုလျော့ချရန်၊ သားအိမ်ခေါင်းကင်ဆာနှင့် အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေးများထိုးနှံကြရန်နှင့်ရောဂါကို အစောဆုံးရှာဖွေဖော်ထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့်ချိတ်ဆက်ပြီး ကင်ဆာရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေး အခုကဲ့သို့ ခေတ်မီအဆောက်အအုံများ အောင်မြင်စွာ တည်ဆောက်ပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုသည်ကိုပြောကြားလိုကြောင်း၊ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနသည် နှစ်ပေါင်းများစွာ ရေရှည်အသုံးပြုနိုင်မည့် ဌာနတစ်ခုဖြစ်ပြီးပြည်သူများအတွက် အကျိုးရှိမည့် ဌာနကြီးဖြစ်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်ကြောင်းနှင့် အားလုံးကိုယ်စိတ်ကျန်းမာစွာဖြင့် ပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်း Video ကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံသို့ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်မိသားစုက အမျိုးသားကင်ဆာကုသရေးဗဟိုဌာနအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ၦးနောက် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) အဆောက်အဦနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်လှစ်နိုင်ခဲ့မှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့၌ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမျူးကျင်းပသည့် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဈေးရောင်းပွဲတော်ကို မတ်လ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနခွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဈေးရောင်းပွဲတော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်အတွင်းရှိ ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စားသောက်ကုန် ၃၅ ခန်း၊ လူသုံးကုန် ၁၅ ခန်း၊ လက်မှုလုပ်ငန်းငါးခန်း၊ အထွေထွေ ပြခန်းငါးခန်း စုစုပေါင်းပြခန်း ၆၀ ဖြင့် မတ်လ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိပြီး မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

◆ စာမျက်နှာ ၁၃ မှအဆက်

နိုင်ငံရေးသမားများအနေဖြင့် **အာဏာရရေး**ကိုသာ အဓိကထားကြိုးပမ်းလာပါက တိုင်းပြည်အတွက်ကောင်းကျိုးထက်ဆိုးကျိုးက ပိုများလာနိုင်သည်။ နိုင်ငံရေးအာဏာရရန်အတွက် မဲမသမာမှုကဲ့သို့သော မသင့်လျော်သော နည်းလမ်းများကိုအသုံးပြုခြင်း၊ လူပုဂ္ဂိုလ်ကိုအစွဲပြု၍ ပြည်သူ့စိတ်ကိုလှုံ့ဆော်ခြင်းနှင့် မမှန်ကန်၊ မလုပ်နိုင်သော ကတိများပေးခြင်းတို့သည်နိုင်ငံအတွက်မှန်ကန်သောလမ်းကြောင်းပေါ် ရောက်ရှိနိုင်သော နိုင်ငံရေးသမားများ၏ အလုပ်မဟုတ်ဘဲ အာဏာရရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်သည်။

နိုင်ငံရေးအာဏာကို အသုံးချ၍ **ပုဂ္ဂလိကကြီးပွားချမ်းသာရေး**ကိုသာ ရည်ရွယ်ဆောင်ရွက်ခြင်းသည် နိုင်ငံရေးအကျင့်ပျက်ခြစားမှုကိုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ပုဂ္ဂိုလ်ရေးအကျိုးအတွက် အဂတိလိုက်စားမှုများပြားလာပါကို ပြည်သူ့ဘဏ္ဍာကို ဆုံးရှုံးစေပြီး ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကိုပါ ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံရေးသမားများသည် မိမိအတွက် အခွင့်အရေးရမည်ဆိုပါက ဘနဖူးသိုက်တူးမည့်သူမျိုး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့်စိတ်ထားရှိသူမျိုး မဖြစ်ရန်လိုအပ်သည်။

နိုင်ငံ့အရေး ဆောင်ရွက်ကြသည့် နိုင်ငံရေးသမားများသည် မိမိပါတီကောင်းစားရေးသက်သက်ကိုသာဆောင်ရွက်ခြင်း၊ မိမိအာဏာရရေးသာ ဦးတည်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကြီးပွားချမ်းသာရေးအတွက် အကျိုးအမြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုဘဲ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေခံ၍ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်လိုအပ်သည်။ နိုင်ငံရေးစနစ်ကောင်းရှိနေသော်လည်း ထိုစနစ်ကို အသုံးချဆောင်ရွက်သူများတွင် ကိုယ်ကျင့်တရားကောင်းမွန်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပြည်သူ့အကျိုးစီးပွားကိုဦးစားပေးမှုတို့မရှိပါက နိုင်ငံရေးသည် အကျိုးမဖြစ်ထွန်းနိုင်ပါ။ နိုင်ငံရေးသမားကောင်းသည် ဥပဒေကိုလေးစားလိုက်နာသူ၊ ပြည်သူ့အသံကိုနားထောင်နိုင်သူ၊ ပြည်သူ့အကျိုးထမ်းရွက်သူဖြစ်ရမည်။

နိုင်ငံ့အရေးဆောင်ရွက်မည့် နိုင်ငံရေးသမားများသည် မတူညီသောအမြင်များကို ရန်သူအဖြစ်မမြင်ဘဲ နိုင်ငံ့အရေးကိုအခြေခံထား၍ ဆွေးနွေးညှိနှိုင်းခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားရှေးရှုဆောင်ရွက်ခြင်းတို့ လုပ်ရန်လိုအပ်သည်။ ထို့ပြင် မိမိပါတီကောင်းစားရေးအတွက်သာဆောင်ရွက်ခြင်း၊ မိမိနှင့်မိမိပါတီ အာဏာရရေးအတွက်သာဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကြီးပွားချမ်းသာရေးအတွက်သာဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံ့အနာဂတ်ကိုမျှော်တွေးကာ ပြည်သူ့အကျိုးစီးပွားအတွက် အစဉ်တစိုက် နိုင်ငံ့အရေးကိုကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပေသည်။ ။

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

စေတနာ

✤ ခူးမည်ပန်မည်၊ ချွေလိုက်မည်ဟု
သည်ဆန္ဒမျိုး၊ မရွယ်ကိုးလည်း
ကိုယ်ပျိုးသည့်ပန်း၊ ဥယျာဉ်နှန်းဝယ်
တင့်ဆန်းကျက်သရေ၊ ရွှန်းရွှန်းဝေလျက်
မြေမှာအလှ၊ မြင်ပါရသော်
ရင်မှပွင့်ဖူး၊ ဝိတိဉ်းကြောင့်
ကြည်နူးနှစ်သိမ့် ရပါသည်။

✤ ရင်ဝယ်ဆွဲမည်၊ ဆင်သမည်ဟု
ရည်ရွယ်ရှေ့ရေး၊ မမျှော်တွေးလည်း
ကိုယ်သွေးသည့်ကျောက်၊ ဖိတ်ဖိတ်တောက်၍
ကြိုင်လှောက်ထုံသင်း၊ ဂုဏ်သတင်းနှင့်
ကောင်းခြင်းဖြာဖြာ၊ မြင်ရပါသော်
ရင်မှာမြွေချမ်း၊ ဝိတိလွှမ်း၍
ဝမ်းမြောက်ဂုဏ်ယူ ရပါသည်။

✤ ပိုင်မည်စိုးမည်၊ မရွယ်ရည်လည်း
ခိုင်ကျည်အားတင်း၊ ချွေးနှင့်ရင်း၍
ပုံသွင်းထုလုပ်၊ ပန်းပုရုပ်ကလေး
နုထွေးငယ်ရွယ်၊ ချစ်စဖွယ်လျှင်
တင့်တယ်ပြေပြစ်၊ ရွှေစင်နှစ်သို့
ချိုးဆစ်ကျန၊ မြင်ပါရသော်
ရင်မှတစ်ရှိုက်၊ ဘဝင်ခိုက်၍
နှစ်ခြိုက်ပျော်ရွှင် ရပါသည်။

✤ ညော် . . .
မိမြန်ပြည်မှ၊ သန့်စင်ကြသည့်
အတ္တကင်းစင်၊ အားသစ်ဆင်၍
ရွှေစင်သွန်းရစ်၊ ပုလဲစစ်နယ်
ရင်နှစ်သည်းချာ၊ ရတနာတို့
လန်းရာမှလေ၊ မန္တမ်းစေနှင့်
ထွန်းရာမှလေ၊ မမှိန်စေနှင့်
ရွှန်းရာမှလေ၊ မသိမ်စေနှင့်
ခွေဆုခါခါ၊ ပန်ပြုကာလျှင်
ကြင်နာရစ်ပတ်၊ မေတ္တာညှတ်လျက်
မပြတ်ဝေဖြာ၊ စေတနာသည်
ရင်မှာသိမ့်သိမ့်၊ တဝြိမ့်ဝြိမ့်နှင့်
စိမ့်ယိုစီးကျ၊ စမ်းရေစနယ်
အေးမြကြည်လင် သည်တကား။ ။

မြင်းမူမောင်နိုင်မိုး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

★ စာမျက်နှာ ၁၆ မှအဆက်

ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးအုတ်မြစ်ပင်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာသန်စွမ်းရှိကြမှသာ နိုင်ငံတော်၏ထုတ်လုပ်မှုစွမ်းအား၊ လူမှုတည်ငြိမ်ရေးနှင့်အနာဂတ်မျိုးဆက်သစ်များ၏တိုးတက်ရေးကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူများသက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာကြံခိုင်ရေးတို့ကို ရည်မှန်းချက်ထားပြီးအရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍတွင် ကြီးမားသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပထမတစ်နှစ်အတွင်းတွင် တစ်ကမ္ဘာလုံးရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"** ဆိုသည့်မူဝါဒဖြင့် အစိုးရ၊ ဝန်ထမ်းများနှင့်ပြည်သူများ စုပေါင်းအားဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြကြောင်း၊ ထို့အပြင် ၂၀၂၃ ခုနှစ်မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂိမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင် စသည့်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရချိန်တွင်လည်း ကျန်းမာရေးဝန်ထမ်းများသည်ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တက်ညီလက်ညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲများကြားက အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများဖြစ်ပွားခြင်းမရှိခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအခြေခံအဆောက်အအုံများ ဖြည့်ဆည်းမှုအနေဖြင့်လည်း (၅)နှစ်အတွင်း ပြည်သူ့ဆေးရုံပေါင်း (၂၅)ရုံ အပါအဝင်သွားနှင့်ခံတွင်းဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဂျမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကိုလည်း ခန့်အပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ပြည်တွင်းပြည်ပဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သူနာပြုများ၏ရာထူးအဆင့်မြှင့်တင်ခြင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ကမ္ဘာပေါ်တွင် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနှုန်းသိသိသာသာမြင့်မားလာနေပြီး အဆိုပါရောဂါများထဲတွင် ကင်ဆာရောဂါသည် ကျန်းမာရေးကဏ္ဍအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ကင်ဆာလူနာသစ်သန်း (၂၀) ခန့်ရှိပြီး ထိုအထဲမှ ၉ ဒသမ ၆ သန်းခန့် သေဆုံးခဲ့သည်ဟုသိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အသက် (၇၅)နှစ်မတိုင်မီကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးကြီးလာကြောင်း၊ ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းလျော့ချရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာသိရှိကုသမှုခံယူနိုင်ရန်အတွက်မြန်မာနိုင်ငံတွင် **"ကင်ဆာရောဂါထိန်းချုပ်ရေးအမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)"** ကိုရေးဆွဲပြီး ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ကုသရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။



အမျိုးသားကင်ဆာရောဂါကုသရေးဗဟိုဌာန (၈)ထပ်ကုသဆောင်သစ်ကို တွေ့ရစဉ်။

ကင်ဆာရောဂါကုသမှုတွင် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်းနှင့် ဓာတ်ရောင်ခြည်နှင့်ကုသခြင်းစသည့်ကုထုံးအမျိုးမျိုးရှိကြောင်း၊ ဓာတ်ရောင်ခြည်နှင့်ကုသခြင်းသည် ရောဂါကိုပျောက်ကင်းစေခြင်းနှင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခြင်းတို့အတွက် အလွန်အရေးပါသည့်ကုသမှုတစ်ခုဖြစ်ကြောင်း၊ ကင်ဆာလူနာများဓာတ်ရောင်ခြည်နှင့်ကုသခံရန်စောင့်ဆိုင်းရသည့်အချိန်ကို လျှော့ချနိုင်ရန်အတွက် ဓာတ်ရောင်ခြည်ကုသစက်များဝယ်ယူတပ်ဆင်ရေး လိုအပ်သည့်ရန်ပုံငွေကို အထူးဦးစားပေးခွင့်ပြုပေးခဲ့ကြောင်း၊ ဒါ့ကြောင့် ယခုမြန်မာနိုင်ငံမှာ ဓာတ်ရောင်ခြည်ကုသစက်စုစုပေါင်း (၂၆)လုံး၊ Brachytherapy ဓာတ်အပ်စိုက် ကိရိယာ(၉)လုံးအထိတိုးတက်တပ်ဆင်အသုံးပြုပြီး ကုသပေးနေပြီဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်နောက်ပိုင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်ရှိသည့် ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်ကုသစက်အသစ်(၇)လုံး တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာနပြည်သူ့ဆေးရုံကြီးများနှင့်ဌာနများတွင်ဓာတ်ရောင်ခြည်စင်တာ (၅)ခု၊ ဓာတ်ရောင်ခြည်ကုသစက် (၁၅)လုံး၊ ဓာတ်အပ်စိုက်ကိရိယာ (၄)လုံးရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဆေးရုံများတွင် ဓာတ်ရောင်ခြည်စင်တာ (၄)ခု၊ ဓာတ်ရောင်ခြည်ကုသစက် (၄)လုံး၊ ဓာတ်အပ်စိုက်ကိရိယာ (၁)လုံးနှင့် ကုသမှုပေးနိုင်နေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်း အဆင့်မြင့်ဓာတ်ရောင်ခြည် ကုသစက်ကြီးများနှင့် ကုသခွင့်ကို ခွင့်ပြုပေးထားသဖြင့် ပုဂ္ဂလိက ဆေးရုံများတွင် ဓာတ်ရောင်ခြည်စင်တာ(၅)ခု၊ ဓာတ်ရောင်ခြည်ကုသစက် (၇)လုံး၊ ဓာတ်အပ်စိုက်ကိရိယာ(၄)လုံး တပ်ဆင်အသုံးပြုလျက်ရှိသည်ကို သိရှိရကြောင်း။

ယနေ့ဖွင့်လှစ်သည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင်ပြည့်စုံသည့် ကုသမှုစင်တာ (One-stop Comprehensive Care Center)အဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ (၅)ထပ်ကုသဆောင်၊ (၈)ထပ်ကုသဆောင်များနှင့် ဓာတ်ရောင်ခြည်စက်ခန်းများအတွက် နိုင်ငံတော်မှငွေကျပ် (၃၄) ဘီလီယံကျော်၊ ဝန်ထမ်းအိမ်ရာများအတွက် ငွေကျပ် (၁၂) ဘီလီယံကျော်နှင့် ဓာတ်ရောင်ခြည် ကုသစက်အသစ်(၃)လုံးအတွက် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း ငွေကျပ် (၃၀)ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ ယခုနှစ်တွင် အလှူရှင်များလှူဒါန်းသည့်စက်(၁)လုံးသည်လည်း ငွေကျပ် (၁၉)ဘီလီယံ တန်ဖိုးရှိကြောင်းသိရှိရပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ဓာတ်ရောင်ခြည်ကုသမှု ခံယူမည့်လူနာများအတွက် ဓာတ်ရောင်ခြည်စက်များထားရှိမည့်စက်ခန်းများကို ကြိုတင်ပြီး ဦးစားပေးဆောက်လုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ဗဟိုဌာနကြီး ယခုကဲ့သို့မပြီးစီးမီ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလကတည်းက ဓာတ်ရောင်ခြည်ကုသစက် (၂)လုံးနှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် နောက်ထပ်ဓာတ်ရောင်ခြည်ကုသစက် (၁)လုံး တပ်ဆင်အသုံးပြုပြီး ကြိုတင်ကုသပေးနိုင်ခဲ့ကြောင်း၊ လူနာပေါင်း (၁၆၀၁)ဦးကို ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသမှုအကြိမ်ပေါင်း (၅၀၀၀၀) ကျော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာများစောင့်ဆိုင်းကာလကို သိသာစွာလျှော့ချပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အဆောက်အအုံများဆောက်လုပ်ပြီးစီးသည့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှစပြီး အတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်ခဲ့ခြင်းကြောင့် အတွင်းလူနာ (၂၈၅)ဦးနှင့် ပြင်ပလူနာ (၃၈၀၅)ဦးကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံအဆောက်အအုံများ ပြည့်စုံလာသည်နှင့်အတူ ကင်ဆာရောဂါဆိုင်ရာ ဆေးကုသမှုအရည်အသွေးပိုမိုမြင့်မားစေရန်အတွက် စံညွှန်းကုထုံးများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ပပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ စက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်မည့် အဏုမြူရောင်ခြည်ဆိုင်ရာ ပညာရှင်များနှင့်အထူးကုဆရာဝန်ကြီးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးကြရန်လည်း မှာကြားလိုကြောင်း၊ အမျိုးသားကင်ဆာရောဂါမှတ်တမ်းစနစ် (National Cancer Registry) ကို တည်ဆောက်ရန်နိုင်ငံတကာနှင့်ပူးပေါင်းပြီး သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အထူးမှာကြားလိုသည်မှာ ရှိနေသည့် စက်ပစ္စည်းများမည်မျှပင်ခေတ်မီကောင်းမွန်နေပါစေ ကိုင်တွယ်အသုံးပြုသည့်လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်မှုနှင့် စေတနာသည်သာလျှင် ကုသမှုအောင်မြင်ရန်အတွက် အရေးကြီးဆုံးအကြောင်းအရာဖြစ်ကြောင်း၊ ကင်ဆာဝေဒနာရှင်များသည် မိမိတို့ခံစားနေရသည့် ဝေဒနာနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများလည်း ရရှိနိုင်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများတွင် ရှိပြီးဖြစ်သည့် **"စေတနာ၊ ဝါသနာ၊ အနစ်နာ"** ဆိုသည့် နာသုံးနာကိုအရင်းခံပြီး လူနာများအပေါ် မိသားစုစိတ်ဓာတ်ဖြင့် မေတ္တာထားပြီး နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း၊ ပြည်သူလူထုအားကိုးယုံကြည်ရသည့် **စာမျက်နှာ ၁၄ သို့** ★





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ ပြည်သူများကျန်းမာသန်စွမ်းရှိကြမှသာ နိုင်ငံတော်၏ထုတ်လုပ်မှုစွမ်းအား၊ လူမှုတည်ငြိမ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များ၏တိုးတက်ရေးကို မြှင့်တင်နိုင်မည်ဖြစ် . . .

❖ မိမိတို့နိုင်ငံတွင်လည်း အသက် (၇၅)နှစ်မတိုင်မီ ကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးကြီးလာ၊ ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းလျော့ချရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာသိရှိကုသမှုခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် "ကင်ဆာရောဂါထိန်းချုပ်ရေး အမျိုးသားမဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၂၇)"ကိုရေးဆွဲပြီး ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (၅)ထပ်ကုသဆောင်သစ်ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုသဆောင်အတွင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတကာမှ ကင်ဆာပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လဲလှေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားကို ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (၅)ထပ်ကုသဆောင်သစ်ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ဘည်းမော်ကွန်းကို အမွေးနုံသာရည်များပက်ဖျန်းပေးကြသည်။

ၦင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန(National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(၈)ထပ်ကုသဆောင်သစ်သို့ ရောက်ရှိကြပြီး ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကုသဆောင်အတွင်းရှိ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုစက်ခန်းများအား လိုက်လံကြည့်ရှုပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စက်ခန်းအလိုက် ကုသရေးပါရဂူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ၦးနောက် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC)ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို (၈)ထပ်ကုသဆောင်၊ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့တွင် နိုင်ငံတော်ရန်ပုံငွေနှင့် တည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုသဆောင်အတွင်းရှိ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုစက်ခန်းများအား လိုက်လံကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

❖ စက်ပစ္စည်းများ မည်မျှပင်ခေတ်မီကောင်းမွန်နေပါစေ ကိုင်တွယ်အသုံးပြုသည့် လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်မှုနှင့်စေတနာသည်သာလျှင် ကုသမှုအောင်မြင်ရန်အတွက် အရေးကြီးဆုံးအကြောင်းအရာဖြစ် . . .

ဆောက်ခဲ့သည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ဖွင့်လှစ်နိုင်ပြီဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍအတွက် မင်္ဂလာရှိသည့်နေ့၊ မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်သည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်နိုင်ခြင်းကြောင့်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ယူသည့်ကာလတစ်လျှောက်လုံး နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များခိုင်မာလာစေရန် ဦးတည်ချက်များချမှတ်ဖော်ဆောင်လျက်ရှိရာတွင် **“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းပြီး လက်တွေ့ကျကျဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူဘဝတွင် **“ကျန်းမာမှ ပညာသင်နိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်”** ဖြစ်သည့်အတွက် **စာမျက်နှာ ၁၅ သို့** ★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing graces opening ceremony of National Cancer Center





Senior General Min Aung Hlaing hears a report on functions of the radiotherapy room.

NAY PYI TAW March 7

As a gesture hailing the 2026 81st Anniversary Armed Forces Day, the National Cancer Center – NCC was commissioned in Dagon Myothit (Seikkan) Township, Yangon Region this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing, who opened the NCC.

Also present together with the Senior General were SSPC member Prime Minister U Nyo Saw, union ministers, the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, international cancer experts, medical professionals, health staff, invited guests and officials.

On arrival at the venue, the Senior General and party were warmly welcomed by officials. Prime Minister U Nyo Saw, union ministers, U Tin Aung San, Dr Thet Khaing Win, U Myo Thant, and Chief Minister U Soe Thein formally opened the NCC by cutting a ribbon.

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing unveiled the signboard of the NCC and posed for documentary photos together with the attendees. The Senior General sprinkled scented water on the plaque of the new five-storey NCC building. The Prime Minister, union ministers and the chief minister did the same.

The Senior General and party arrived at the new eight-storey building and sprinkled scented water on the plaque of the new treatment ward.

Accompanied by the attendees, the Senior General looked around the radiotherapy rooms at the treatment ward, and looked into the requirements presented by the Union Minister for Health and medical professionals of the relevant rooms.

The second part of the ceremony was held at the meeting hall of the new eight-storey building. In his keynoted address, the Senior General said today, the NCC built with the State funds was opened, erecting an auspicious milestone of the nation's health sector. He expressed pleasure and honour for opening the NCC as a gesture hailing the 2026 81st Anniversary Armed Forces Day.



Senior General Min Aung Hlaing sprinkles scented water on the plaque.

The Senior General said the government has been implementing the adopted objectives to strengthen the foundation of national future development. In doing so, it is practically materializing the objective: **promote national health and education sectors in all seriousness for sustainable development of the State.**

Health is the most basic cornerstone for human existence and human resources development as **man will be able to learn and work only if he is healthy**. Can national productivity, social stability and posterity development be enhanced, only if the people are healthy and strong. In this regard, the government is working with greater momentum to realize the aim: longevity of the people, disease free life and health and fitness.

He stated that it is widely recognized that significant health sector challenges were successfully overcome during the five-year tenure, noting that the global COVID-19 pandemic was managed in the first year through a unified effort of the government, staff, and the public under

See Page - 21►►

►► From Page - 21

the total in public hospitals and departments under the Ministry of Health to five radiotherapy centers, 15 radiotherapy machines, and four brachytherapy units. He added that military hospitals are also providing treatment with four radiotherapy centers, four radiotherapy machines, and one brachytherapy unit. Furthermore, he noted that the private sector has been permitted to provide treatment using advanced radiotherapy equipment, with private hospitals now operating five radiotherapy centers, seven radiotherapy machines, and four brachytherapy units.

Then, he stated that the National Cancer Treatment Center opened today is intended to serve as a One-stop Comprehensive Care Center for cancer patients, providing both medical treatment and research capabilities. He noted that the State allocated over Ks-34 billion for the five-story and eight-story treatment buildings and radiotherapy rooms, more than Ks-12 billion for staff housing, and over Ks-30 billion within the 2024-2025 fiscal year for three new radiotherapy machines. Additionally, he mentioned that a machine donated by donors this year is valued at Ks-19 billion and expressed his gratitude for the donation.

Priority was given to construction of rooms for machines for radiation therapy patients. Therefore, treatments could be given to patients even before the completion of the centre after installing two radiotherapy machines in October, 2024 and another radiotherapy machine in January, 2025. More than 50,000 radiotherapy and cancer treatments were given to 1,601 patients, significantly reducing the waiting time for patients for treatments. Moreover, since the completion of the buildings in July, 2025, inpatients have been admitted to the centre and treatments to 285 inpatients and 3,805 outpatients were given.

With the completion of the infrastructures, it is necessary to take measures to enhance the quality of treatments in accordance with their standards. I would like to urge responsible officials to promote cooperation with foreign experts, to consistently nurture radiotherapists who will skillfully operate the machines and to accelerate research works in cooperation with the international community to establish the National Cancer Registry.

I would like to highlight that however modern and efficient the machines are, the skills and goodwill of human resources who will handle them play the most important role in successful treatments. As cancer patients may be suffering psychological impacts of their disease, healthcare staff are urged to take care of them warmly out of family spirit based on their three inherent personalities such as **goodwill, academic pursuit and sacrifice** and to make concerted efforts to make it a centre trusted by the people.

As the saying goes, prevention is better than cure, it is necessary for the people to adopt healthy lifestyles, to reduce the consumption of alcohol and tobacco, to take vaccines for cervical cancer and hepatitis B and to identify diseases at the earliest time. Therefore, I would like to urge all to accelerate tasks for prevention of cancer in the entire country by joining the preliminary healthcare system.

I would also like to appreciate the all responsible officials from the Ministry of Health, Ministry of Construction and Yangon Region Government who exerted efforts for successful completion of such modern buildings to provide better healthcare services to the people. As the National Cancer Center will be useful and beneficial for the people for the long term, it will remain as an historical milestone of the Ministry of Health and I wish all physical and mental wellbeing to accelerate the efforts to serve the interests of the people.

Then, the Senior General and party enjoyed the documentary video for the opening ceremony of the National Cancer Centre - NCC.

Afterward, the Senior General accepted the commemorative gift for the opening ceremony of the NCC presented by the Union Minister for the Ministry of Health.

Then, the Senior General and family presented cash donations for the NCC to the Union Minister for the Ministry of Health.

Then, the Union Minister for the Ministry of Construction transferred documents related to the NCC to the Union Minister for the Ministry of Health, who returned a certificate of honour to the former.

Afterward, the Union Minister for the Ministry of Health spoke words of thanks for inauguration of the NCC. **100**

Farmers plant canola and niger on more than 7,000 acres of croplands in Tamu District

TAMU March 7

According to the Tamu District Agriculture Department, local farmers planted more than 7,000 acres of canola and niger as cold season crops in Tamu District of Sagaing Region.

During the 2025-2026 winter cropping season, Tamu District has set a target of cultivating 9,320 acres of canola and niger, according to reports. Planting began in October last year, and as of today, 7,992 acres have already been completed.

"During the winter cropping season in Tamu District, we have planned to cultivate 9,320 acres of canola and niger. As of today, more than 7,000 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. Sesame and mustard are crops that are cultivated every year. Niger and mustard are used both for edible oil and for medicinal purposes," said U Hla Myint, District Head of the Department of Agriculture in Tamu District.

This year in Tamu District, the township-wise completed cultivation areas for canola and niger are 3,326 acres of canola and 75 acres of niger in Myothit Township, 3,483 acres of canola and 125 acres of niger in Tamu Township, and 958 acres of canola and 25 acres of niger in Khampak, totalling 7,992 acres, it is reported.

For the 2025-2026 winter cropping season, the township-wise cultivation targets in Tamu District are 3,000 acres of canola and 130 acres of niger in Myothit Township, 4,870 acres of canola and 220 acres of niger in Tamu Township, and 1,050 acres of canola and 50 acres of niger in Khampak, totalling 9,320 acres, according to reports.

In Tamu District, canola and niger are cultivated on a regular annual basis. Within Sagaing Region, these crops are most commonly grown in Katha and Kawlin areas.

SK

More than 87,000 acres of chickpea planted in Yinmabin District

YINMABIN March 7

According to the Sagaing Region Agriculture Department, local farmers have grown 87,500 acres of chickpea as cold season crops in Yinmabin District of Sagaing Region.

For the 2025-2026 winter cropping season, Yinmabin District planned to cultivate 135,579 acres of chickpea. Planting began in October 2025, and as of today, 18,385 acres have been planted in Yinmabin Township, 2,598 acres in Kani Township, 25,710 acres in Salingyi Township, and 40,807 acres in Pale Township, totalling 87,500 acres.

"Yinmabin District planned to grow more than 130,000 acres of chickpea during the winter season, and over 87,000 acres have now been planted. Efforts are under way to meet the full target acreage. Chickpea cultivation has been expanding year by year. To support higher yields and better quality, we are working with farmers by providing quality and pure seed varieties, necessary inputs, and post-harvest handling techniques," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agricultural Department.

For the 2025-2026 season, chickpea cultivation targets by township in Yinmabin District are: 36,045 acres in Yinmabin Township, 3,650 acres in Salingyi Township, 38,783 acres in Kani Township, and 57,101 acres in Pale Township, totalling 135,579 acres.

Farmers in the district are cultivating chickpea varieties Yezin-8 and Yezin-11, which are suited to local conditions and offer good yields. It is learned that cultivation costs exceed Ks-300,000 per acre.

During this year's winter cropping season, agricultural officials are cooperating with farmers across the district to supply quality and pure seed varieties, necessary inputs, and post-harvest techniques to support higher yields and better product quality. Extension activities are also being conducted to encourage the use of beneficial Trichoderma fungi during pulse cultivation.

Sagaing Region is the largest pulse-producing region in the country in terms of cultivated area. With pulses grown as a major crop — and the possibility of practicing double-cropping — farmers in the region rely on them as an important source of income.

SMK

Kyunhla Township cultivates over 3,000 acres of winter sesame

KYUNHLA March 7

More than 3,000 acres of winter sesame have been planted in Kyunhla Township, Kantbalu District, Sagaing Region during this winter crops planting season, according to the statistics of the Department of Agriculture for Kyunhla Township.

During the 2025-2026 winter crops planting season, Kyunhla Township has planned to plant 14,033 acres of winter sesame, and planting has begun since October last year, and 3,617 acres have been planted to date.

"Kyunhla Township has planned to plant more than 10,000 acres of winter sesame. To date, more than 3,000 acres have been planted," said Daw Myint Myint Yee, head of the Department of Agriculture for Kyunhla Township.

This year, the Township Agriculture Department is educating sesame farmers in Kyunhla Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good varieties and high-yield varieties.

SK

Putin urges end to Middle East hostilities in phone call with Iranian President

MOSCOW March 7

Russian President Vladimir Putin held a phone conversation with Iranian President Masoud Pezeshkian on Friday, urging an immediate end to hostilities in the Middle East, the Kremlin said.

During the phone call, Putin expressed condolences over the killing of Iran's Supreme Leader Ayatollah Ali Khamenei, members of his family, representatives of the country's military and political leadership, as well as the numerous civilian casualties as a result of the U.S.-Israeli armed aggression against Iran.

Putin reaffirmed Russia's principled position that hostilities should cease immediately and that the use of force to resolve issues on Iran and across the Middle East must be abandoned, calling for a swift return to political and diplomatic efforts to resolve the conflict, according to the Kremlin.

Putin also noted that he has been in constant contact with the leaders of the Gulf Cooperation Council countries regarding the situation.

For his part, Pezeshkian thanked Russia for its solidarity with the Iranian people in defending the sovereignty and independence of their homeland and briefed Putin in detail on the developments in the current phase of the conflict.

The two sides agreed to continue contacts through various channels, the Kremlin said.

Xinhua

New Zealand military plane leaves for Middle East to assist stranded citizens

WELLINGTON March 7

A Royal New Zealand Air Force C-130J Hercules aircraft departed from Auckland on Saturday for the Middle East to assist New Zealand citizens stranded amid ongoing conflicts in the region, according to the country's Defence Force.

Defence Minister Judith Collins said the government's immediate priority was supporting New Zealanders in the Middle East, who continue to be advised to shelter in place or take any safe and practical opportunities to leave.

Consular staff from the Ministry of Foreign Affairs and Trade are being deployed alongside two C-130J Hercules aircraft so they can respond quickly when conditions allow, Collins said.

One of the aircraft left Auckland on Saturday, while another, already in Asia, is being redirected to support the operation, she said.

Around 3,000 New Zealanders are currently registered with the New Zealand Ministry of Foreign Affairs and Trade as living in the Middle East.

Xinhua

Death toll from Brazil's nursing home collapse rises to 12

RIO DE JANEIRO March 7

The death toll from a nursing home collapse in Brazil's southeastern state of Minas Gerais has risen to 12, the local fire department said Friday.

The department said that after the last victim trapped in ruins, a 77-year-old woman, was found dead more than 24 hours after the accident, the rescue work came to an end.

Eight people were rescued alive from the rubble and nine others managed to leave the building on their own before the collapse.

Preliminary reports indicated that the collapse may have been caused by human intervention in the building's structure, according to the local Civil Defence.

According to the authorities, expansion work was undertaken on the property, although it is still too early to affirm any correlation between the intervention and the collapse.



Investigation into the cause of the collapse is still underway.

Xinhua

U.S. approves sale of 12,000 bombs to Israel

WASHINGTON March 7

The U.S. State Department said Friday that it has approved a possible Foreign Military Sale to Israel of munitions and related support services, including 12,000 aerial bombs.

The deal is worth about US$-151.8 million, the department said in a statement.

Israel has requested to purchase 12,000 BLU-110A/B general purpose, 1,000-pound bomb bodies, it said.

"The Secretary of State (Marco Rubio) has determined and provided detailed justification that an emergency exists that requires the immediate sale to the Government of Israel of the above defence articles and defence services is in the national security interests of the United States, thereby waiving the Congressional review requirements under Section 36(b) of the Arms Export Control Act," it said.

"The proposed sale will improve Israel's capability to meet current and future threats, strengthen its homeland defence, and serve as a deterrent to regional threats," it added.

The package also includes U.S. government and contractor engineering, logistics, technical support services, and other related elements of logistics and program support, said the statement.

Xinhua

At least 4 dead as tornado rips through U.S. Michigan



NEW YORK March 7

At least four were killed and a dozen more injured as tornadoes ripped across U.S. Midwest state of Michigan on Friday.

Trees were knocked down and homes damaged as tornado warnings were issued across the southern part of the state, local media reported Friday.

Michigan Governor Gretchen Whitmer has activated the State Emergency Operations Center to "coordinate an all-hands-on-deck response to severe weather in southwestern Michigan."

Michigan is not the only state hit by powerful storms, which spanned all the way down to North Texas on Friday afternoon.

More than 7 million Americans faced the highest risk of severe weather Friday in an area including the metropolitan areas of Kansas City, Missouri; Tulsa, Oklahoma; and Omaha, Nebraska, according to the National Weather Service's Storm Prediction Center. Nearly 25 million people were at a slightly lesser risk in a zone including Dallas, Oklahoma City; and Milwaukee, Wisconsin.

Xinhua

Iranians gather for first Friday prayers since US-Israel war began

TEHRAN March 7

Millions of Iranians attended Friday prayers across the country for the first time since the US assassination of their supreme leader, Ayatollah Ali Khamenei.

Crowds gathered in central Tehran and other cities to pay their respects and offer prayers, as the conflict entered its second week with no clear end in sight. The US-Israeli attacks have left at least 1,332 Iranian civilians dead and thousands wounded, Iran's UN ambassador Amir Saeid Iravani has said. Tehran's strikes have left 11 dead in Israel, while at least six American service members have been killed.

RT video footage showed crowds of men and women dressed in black, some carrying Iranian flags. Many worshippers held portraits of the assassinated supreme leader, chanted anti-US and anti-Israeli slogans and waved flags in support of their government amid the ongoing strikes.

RT

►► From Page - 18

the policy that **"nothing is more important than a human life."** He added that health workers demonstrated self-sacrifice and harmony in providing care during natural disasters such as Cyclone Mocha in 2023, Typhoon Yagi in 2024, and the Mandalay earthquake in 2025, which allowed the country to succeed despite these hardships. He concluded that because post-disaster health issues were prevented, recovery and rehabilitation efforts were able to proceed effectively and rapidly.

He also stated that regarding the fulfillment of health sector infrastructure, 25 public hospitals were upgraded within five years to eliminate the gap between urban and rural healthcare and ensure equal access. He added that 12 new 16-bed hospitals were opened in rural areas to provide equitable services, and noted that high-quality buildings essential for hospitals were constructed, resulting in 41 new hospital buildings and staff housing units being completed during the five-year period.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers the keynote address at the NCC opening ceremony.

Then, he stated that in upgrading the health sector, emphasis is being placed on meeting Goal 3 of the Sustainable Development Goals (SDG), which aims for the long-term development of skilled health human resources. He noted that under the policy **"where there is a hospital, there must be a doctor,"** 2,649 new doctors, as well as dental surgeons, nurses, medical technicians, and public health staff, were appointed to every public hospital during the five-year period. Furthermore, he added that arrangements have been made for staff to attend local and international postgraduate courses to enhance their capacity, alongside promoting the ranks of nurses and upgrading nursing training schools into nursing institutes.



Opening ceremony of the National Cancer Center in progress.

Later, he stated that the incidence of non-communicable diseases is rising significantly worldwide, with cancer becoming a major challenge for the health sector. According to World Health Organization data, there were approximately 20 million new cancer patients globally in 2022, resulting in about 9.6 million deaths. He noted that in Myanmar, the estimated risk of developing cancer before the age of 75 is 13.9 percent, making cancer prevention and control a critical national responsibility. To reduce mortality rates and ensure early detection and treatment, the **"National Strategic Plan for Cancer Control (2023-2027)"** has been drafted and is being implemented as a national-level strategy for cancer prevention, control, and treatment.

He also stated that cancer treatment involves various therapies such as chemotherapy, surgery, and radiotherapy, noting that radiotherapy is a vital treatment for curing the disease and controlling its spread. He added that to reduce the waiting time for cancer patients to receive radiotherapy, special priority was given to the necessary funds for purchasing and installing radiotherapy machines. Consequently, he noted that Myanmar has now increased its capacity to 26 radiotherapy machines and 9 brachytherapy units currently in use for patient treatment.

He stated that seven new radiotherapy machines have been installed in major hospitals in Yangon, Mandalay, and Nay Pyi Taw since 2021, bringing

See Page - 19►►

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်
စုစည်းသည်

စစ်မျက်နှာသစ်တစ်ခု ထပ်မံထွက်ပေါ်လာခြင်းမရှိစေရန် ကြိုးပမ်းလာသည့်အစ္စရေး



အစ္စရေးနိုင်ငံသည် ယခုအခါ စစ်မျက်နှာအသစ်တစ်ခု ထပ်မံထွက်ပေါ်လာခြင်း မရှိစေရန် ကြိုးပမ်းလာသည်ကိုတွေ့ရသည်။ အကြောင်းမှာ အစ္စရေးတို့အနေဖြင့် အီရန်နိုင်ငံအား လေကြောင်းမှတိုက်ခိုက်နေစဉ်အတွင်း လက်ဘနွန်နိုင်ငံရှိ အီရန်လိုလားသည့် ဟစ်ဇ်ဘိုလာပြောက်ကျားတပ်ဖွဲ့၏တိုက်ခိုက်မှုများကို ရပ်တန့်စေရန်အတွက် လေကြောင်းမှတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာရခြင်းကြောင့် ဖြစ်သည်ဟုဆိုနိုင်သည်။

ထို့ကြောင့် လက်ဘနွန်အစိုးရအနေဖြင့် ဟစ်ဇ်ဘိုလာပြောက်ကျားတပ်ဖွဲ့၏ လှုပ်ရှားမှုများကို ထိန်းချုပ်နိုင်လိမ့်မည်ဟု အစ္စရေးနိုင်ငံမှမျှော်လင့်လျက်ရှိသည်ဟု အစ္စရေးအရာရှိတစ်ဦးက ရုရှားသတင်းဌာနကြီးတစ်ခုအားပြောကြားထားသည်။

ထို့ပြင် အစ္စရေးနိုင်ငံအတွက် စိုးရိမ်စိတ်ကို ပိုမိုတိုးမြင့်စေသည့်အချက်မှာ လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့အပေါ် လေကြောင်းမှအပြင်းအထန်တိုက်ခိုက်လျက်ရှိသော်လည်း ၎င်းပြောက်ကျားအဖွဲ့၏ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို အပြီးသတ်တိုက်ခိုက်ချေမှုန်းနိုင်ခြင်း မရှိသေးသည့်အချက်ပင်ဖြစ်သည်။

လက်တွေ့တွင် အီရန်အားတိုက်ခိုက်ရာတွင် အစ္စရေးတို့အနေဖြင့် ၎င်းတို့၏ အဓိက မဟာမိတ်နိုင်ငံကြီးဖြစ်သည့် အမေရိကန်အစိုးရထံမှ အကူအညီအများအပြားရရှိနေသော်လည်း တစ်ဖက်တွင် မြွေပူရာကင်းမှောင့်ဆိုသလို ဟစ်ဇ်ဘိုလာပြောက်ကျားတပ်ဖွဲ့က လက်ဘနွန်နိုင်ငံအတွင်းမှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်နေခြင်းကို အစ္စရေးလေကြောင်းရန်ကာကွယ်ရေးစနစ်များက တားဆီးနေရခြင်းကြောင့် အစ္စရေးအနေဖြင့် စစ်ရေးအရဖိအားပေးမှုကိုရင်ဆိုင်နေရဦးဖြစ်သည်။

ပိုဆိုးသည့်အချက်မှာ ဟစ်ဇ်ဘိုလာပြောက်ကျားတပ်ဖွဲ့က လက်ဘနွန်နိုင်ငံ နယ်စပ်ရှိ အစ္စရေးနိုင်ငံမြောက်ပိုင်းမှ အစ္စရေးပြည်သူများအား တောင်ပိုင်းသို့ ပြောင်းရွှေ့ကြရန် မတ်လ ၇ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြောက်ကျားအဖွဲ့က မည်သည့် ရည်ရွယ်ချက်ကြောင့် သတိပေးချက်အား ထုတ်ပြန်ခဲ့သည်ကို အတိအကျမသိရသေးသော်လည်း အဆိုပါအစ္စရေးပိုင်နက်သည် လက်ဘနွန်မှကီလိုမီတာအနည်းငယ်သာ ကွာဝေးခြင်းကြောင့် ပြောက်ကျားတပ်ဖွဲ့အနေဖြင့် ယင်းပိုင်နက်အတွင်းသို့ တိုက်ခိုက်မည်ဆိုပါက အီရန်က ထောက်ပံ့ပေးထားသည့် ဒုံးကျည်များဖြင့် အလွယ်တကူ တိုက်ခိုက်နိုင်သည့် အနေအထားတွင်ရှိသည်။

ထို့ကြောင့် လက်ရှိအီရန်နှင့် ပဋိပက္ခဖြစ်ပွားနေသည့်အခြေအနေတွင် အစ္စရေးအနေဖြင့် အခြားစစ်မျက်နှာများ၌ ပြင်းထန်သော တိုက်ခိုက်မှုများကို ဆက်လက်ထိန်းထားရန် အလွန်ခက်ခဲနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက ယူဆနေခြင်းဖြစ်သည်။

ထိုသို့သော အခြေအနေများကြောင့် လက်ဘနွန်အစိုးရအနေဖြင့် ဟစ်ဇ်ဘိုလာပြောက်ကျားတပ်ဖွဲ့အား ထိန်းသိမ်းပေးနိုင်မည်ဟု အစ္စရေးနိုင်ငံကမျှော်လင့်နေခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဒေသတွင်းနိုင်ငံအများအပြားကလည်း လက်ရှိဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခအတွင်းသို့ တဖြည်းဖြည်းပါဝင်ပတ်သက်လာလျက်ရှိသည်ကိုတွေ့ရသည်။ အထူးသဖြင့် ဒဂုန်းများဖြင့်တိုက်ခိုက်မှုကြောင့် အဇာဘိုင်ဂျန်နိုင်ငံရှိနာခီချီဗန်လေဆိပ်နှင့်အခြားအရပ်ဘက်အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ထို့ပြင် အီရတ်နိုင်ငံအတွင်းရှိ အီရန်အားထောက်ခံသည့် လက်နက်ကိုင်တပ်များကလည်း လောလောဆယ်တွင် ဒေသတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို ပစ်မှတ်ထားလာခြင်းကြောင့် နောက်ပိုင်းတွင် အစ္စရေးနိုင်ငံအား ဆက်လက်ခြိမ်းခြောက်လာနိုင်သည်ကို အစ္စရေးစစ်ဘက်မှ မူဝါဒချမှတ်သူများက ကောင်းစွာသဘောပေါက်ထားသည်။

ထို့ကြောင့် အစ္စရေးနိုင်ငံအနေဖြင့် အီရန်အပေါ်တိုက်ခိုက်နေစဉ် လက်ဘနွန်နှင့် ရေကုန်ရေခန်းတိုက်ခိုက်ရမည့် စစ်ပွဲတစ်ပွဲဆင်နွှဲရမည့်အခြေအနေကိုရှောင်လွှဲနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

Ref: Iv

အီရန်စစ်ပွဲ ပိုမိုဆိုးရွားလာနေစဉ် အမေရိကန်ကအစ္စရေးသို့ ဒေါ်လာ ၁၅၁ ဒသမ ၈ သန်းတန်ဖိုးရှိဗုံးများ အရေးပေါ်ရောင်းချရန်အတည်ပြု



အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးအခြေအနေပိုမိုဆိုးရွားလာနေစဉ် အမေရိကန်အစိုးရက အစ္စရေးနိုင်ငံသို့ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၈ သန်းတန်ဖိုးရှိ ပေါင် ၁၀၀၀ ရှိ ဗုံးများကို အရေးပေါ်ရောင်းချရန် အတည်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ လက်နက်ရောင်းဝယ်ရေးသဘောတူညီချက်အရ အစ္စရေးနိုင်ငံက တောင်းဆိုထားသည့် BLU- 110 A/B ဘက်စုံသုံးဗုံးအလုံးပေါင်း ၁၂၀၀၀ ကို အမေရိကန်အစိုးရက ကွန်ဂရက်လွှတ်တော်၏ သုံးသပ်မှုကိုရှောင်ရှား၍ ရောင်းချရန် အပြန်အလှန်ဆက်လက်လုပ်ဆောင်မည်ဟု ကတိပြုထားသည်။

အမေရိကန်အစိုးရအနေဖြင့် လက်နက်တင်ပို့မှုထိန်းချုပ်ရေးဥပဒေအရ အရေးတကြီးလိုအပ်ချက်ကြောင့် အစ္စရေးနိုင်ငံသို့ လက်နက်ခဲယမ်းများရောင်းချမည့် ကိစ္စရပ်အား ကွန်ဂရက်လွှတ်တော်၏ သုံးသပ်မှုကို စောင့်ဆိုင်းခြင်းမပြုဘဲ ကျော်လွှန်ဆောင်ရွက်ခွင့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားသည်။ အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့အနေဖြင့် ရက်သတ္တပတ်ပေါင်းများစွာကြာမြင့်မည့် အီရန်စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားသည်ဟုသတင်းများ ထွက်ပေါ်နေခဲ့သော်လည်း စစ်ပွဲကြာရှည်လာပါက အဆိုပါစစ်ပွဲကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် အမေရိကန်နှင့်မဟာမိတ်နိုင်ငံများ၌ လုံလောက်သောခဲယမ်းမီးကျောက်များ ရှိ၊ မရှိကို ကျွမ်းကျင်သူများက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ခြွင်းချက်မရှိ လက်နက်ချရန်တောင်းဆိုချက်ကို အီရန်နိုင်ငံကပယ်ချထားသည်။ **Ref: RT**

အာရပ်စော်ဘွားများပြည်ထောင်စုရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းကို အီရန်က ဒရုန်းများဖြင့်အစုလိုက်တိုက်ခိုက်

အီရန်ရေတပ်မတော်မှ ဒရုန်းတပ်ဖွဲ့သည် အာရပ်စော်ဘွားများပြည်ထောင်စုရှိ အမေရိကန်၏ အယ်လ်ဒါဖရာလေတပ်အခြေစိုက်စခန်းကို ဒရုန်းများဖြင့် အစုလိုက်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ပြည်သူ့ဆက်ဆံရေးရုံးက မတ်လ ၇ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း ပစ်မှတ်များကို အောင်မြင်စွာထိမှန်ခဲ့ပြီး အမေရိကန်တပ်မတော်၏ လေကြောင်းစစ်ပွဲကွပ်ကဲမှုဗဟိုဌာန၊ ဂြိုဟ်တုဆက်သွယ်ရေးဗဟိုဌာန၊ လေကြောင်းအန္တရာယ်ကြိုတင်သတိပေးရေဒါများနှင့် ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါများကို ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

အမေရိကန်တပ်မတော်၏ အယ်လ်ဒါဖရာလေတပ်အခြေစိုက်စခန်းသည် ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားဒေသရှိ အမေရိကန်တပ်ဖွဲ့များကို ထိန်းချုပ်ကွပ်ကဲရာတွင် ဗဟိုချက်မအဖြစ် အသုံးပြုနေသည့် အကြီးဆုံးနှင့် အရေးအပါဆုံးသော လေတပ်အခြေစိုက်စခန်းများအနက် တစ်ခုဖြစ်ကြောင်းသိရသည်။

Ref: Ta



အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများပိုမိုပြင်းထန်လာပြီးနောက် ဒူဘိုင်းမြို့ရှိရွှေများကို အထူးလျှော့ဈေးနှုန်းများဖြင့်ရောင်းချ

ဒူဘိုင်း၊ စီးပွားရေး

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာပြီးနောက် အာရုပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ရွှေတင်ပို့ရန် အခက်အခဲများရှိနေခြင်းကြောင့် ဒူဘိုင်းမြို့ရှိ ရွှေများကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း ဘလွန်းဘာ့ဂ်သတင်းဌာနက ဒေသတွင်းအရင်းအမြစ်များ၏ ပြောကြားချက်ကိုကိုးကား၍ ဖော်ပြသည်။



ထို့ပြင် ဒူဘိုင်းမြို့ရှိ ပြည်သူများအနေဖြင့်လည်း အာမခံကြေးများ အဆမတန်မြင့်မားနေခြင်းကြောင့်လည်း ရွှေဝယ်ယူသူအရေအတွက်မှာ သိသိသာသာလျော့နည်းသွားခဲ့ကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြသည်။ ထို့ကြောင့် ရွှေကုန်သည်များအနေဖြင့် လန်ဒန်မြို့ဈေးကွက်ရှိရွှေဈေးနှုန်းအတွက် သတ်မှတ်ထားသည့် အခြေခံစံနှုန်းထက်လျှော့၍ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၀ အထိ လျှော့ဈေးဖြင့် ရောင်းချနေခြင်းဖြစ်သည်။

အာရုပ်စော်ဘွားများပြည်ထောင်စုသည် အာရှနှင့် ဥရောပနိုင်ငံတို့သို့ အဓိုးတန်သတ္တုများသန့်စင်ခြင်းနှင့် ပြန်လည်တင်ပို့ခြင်းတို့တွင် အရေးပါသော ဗဟိုချက်မတစ်ခုဖြစ်ကြောင်း သိရသည်။

Ref: Ta

ယူကရိန်းစစ်ပွဲနှင့်ဆက်နွယ်နေသည့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ ရွှေချောင်းများနှင့် ငွေကြေးများကို ဟန်ဂေရီသိမ်းဆည်းရမိ

ဘူဒါပက်၊ ရာဇဝတ်မှု

ယူကရိန်းစစ်ပွဲနှင့် ဆက်နွယ်နေသည့် ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိ ရွှေချောင်းများနှင့်ငွေကြေးများကို ဟန်ဂေရီနိုင်ငံက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဟန်ဂေရီအစိုးရသည် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်တန်ဖိုးရှိ ဒေါ်လာ၊ ယူရိုငွေကြေးများနှင့် ရွှေချောင်းများကို သိမ်းဆည်းရမိခဲ့ပြီး တရားမဝင်ငွေကြေးနှင့်ရွှေချောင်းများကို သယ်ယူပို့ဆောင်ပေးခဲ့သည့် ယူကရိန်းနိုင်ငံသားအချို့ကိုပါ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဆီဂျာတိုက ပြောကြားသည်။

အဆိုပါ ရွှေချောင်းများနှင့်ငွေကြေးများအား ဩစတြီးယားနိုင်ငံရှိ ရိုက်ဖေးဆန်ဘဏ်မှတစ်ဆင့် ယူကရိန်းနိုင်ငံအတွင်းသို့ သယ်ဆောင်လာစဉ် ဟန်ဂေရီအာဏာပိုင်များက ကြားဖြတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းနိုင်ငံ၏ဒုတိယအကြီးဆုံးနိုင်ငံပိုင်ဘဏ်ဖြစ်သည့် အော့ချာဘဏ်က မတ်လ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများတွင် ခန့်မှန်းခြေ ၉ ကီလိုရှိ ရွှေချောင်းများ၊ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေ စုစုပေါင်းသန်း ၈၀ ခန့်ပါဝင်သည်။

ယခုနှစ်တစ်နှစ်အတွင်းမှာပင် ဟန်ဂေရီနယ်မြေအတွင်းဖြတ်ကျော်၍ ယူကရိန်းနိုင်ငံအတွင်းသို့ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်၊ ယူရို ၄၂၀ သန်းနှင့် ရွှေချောင်း ၁၄၆ ကီလိုဂရမ်အထိ တရားမဝင်သယ်ယူပို့ဆောင်ခဲ့ကြောင်း ဟန်ဂေရီအမျိုးသားအခွန်နှင့်အကောက်ခွန်ဦးစီးဌာနက မတ်လ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

Ref: RT



ဆော်ဒီအာရေဗျအတွင်းသို့ပစ်မှတ်ထားသည့် အီရန်ဒရုန်းများနှင့် ဒုံးကျည်များအား ကြားဖြတ်ဟန့်တားနိုင်ခဲ့ဟုဆို



ဒိုဟာ၊ စစ်ရေး

အီရန်နိုင်ငံမှ ဒရုန်း နှစ်စင်းကို ဆော်ဒီလေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက မတ်လ ၇ ရက် အစောပိုင်းတွင်ထုတ်ပြန်သည်။

အီရန်ကလွှတ်တင်လိုက်သည့် ဒရုန်းများအနက်တစ်စင်းကို ရှေဘားရေနံမြေအနီးရှိ ရပ်အယ်ခါလီသဲကန္တာရဒေသတွင် ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပြီး အခြားတစ်စင်းကိုမူ မြို့တော်ရီယက် အရှေ့ပိုင်းတွင် ပစ်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်မာလီကီက ပြောကြားသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံအတွင်းရှိ မင်းသားဆူလ်တန်လေတပ်အခြေစိုက်စခန်းအား ပစ်မှတ်ထားတိုက်ခိုက်သည့် အီရန်၏ ဒုံးကျည် နှစ်စင်းကိုလည်း ဆော်ဒီတပ်မတော်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်းသိရသည်။

Ref: Ta, Al

ဖင်လန်နိုင်ငံက ရှူကလီးယားလက်နက်များ သယ်ယူပို့ဆောင်ခြင်းနှင့်သိုလှောင်ခြင်းအပေါ် ပိတ်ပင်ထားခြင်းကိုဖယ်ရှားပါကတုံ့ပြန်မည်ဟု ရုရှားသတိပေး

မော်စကို၊ လက်နက်တပ်ဆင်မှု

ဖင်လန်နိုင်ငံအနေဖြင့် ရှူကလီးယားလက်နက်များ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းအပေါ် ပိတ်ပင်ထားခြင်းကို ဖယ်ရှားမည့်အစီအစဉ်များအား ဆက်လက်လုပ်ဆောင်မည်ဆိုပါက ရုရှားနိုင်ငံက လက်တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားအစိုးရက သတိပေးလိုက်သည်။

ထို့ပြင်ဖင်လန်နိုင်ငံ၏အဆိုပါလုပ်ဆောင်ချက်သည် ရုရှားနိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်ကြောင်း ရုရှားအစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဖ်က မတ်လ ၆ ရက်တွင်ပြောကြားသည်။

ကာကွယ်ရေးရည်ရွယ်ချက်ဖြင့် ရှူကလီးယားပစ္စည်းများတင်သွင်းခြင်း သို့မဟုတ် လက်ခံထားရှိခြင်းတို့အတွက် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေကြောင်းအရ အတားအဆီးများကိုဖယ်ရှားရန် ၎င်းတို့၏ ရှူကလီးယားစွမ်းအင်ဆိုင်ရာဥပဒေနှင့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်မည်ဖြစ်ကြောင်း ဖင်လန်အစိုးရက မတ်လ ၅ ရက်တွင် ကြေညာခဲ့ပြီး အဆိုပါအစီအစဉ်ကို လာမည့်နွေရာသီတွင် စတင်အကောင်အထည်ဖော်ရန်စီစဉ်ထားသည်။

သို့သော် ဖင်လန်နိုင်ငံ၏ အဆိုပါလုပ်ဆောင်ချက်များသည် ဥရောပတိုက်တွင် တင်းမာမှုများကိုမြင့်တက်စေသည့် အပြင် ရုရှားနိုင်ငံအားခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့်လည်း သင့်လျော်သည့်အစီအမံများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပက်စကော့ဖ်က ထပ်လောင်းပြောကြားသည်။

Ref: RT

ကင်ညာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားသေဆုံးသူ ၂၃ ဦးအထိမြင့်တက်

နိုင်ရိုဘီ၊ သဘာဝဘေး

ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီရှိနေရာအများအပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာသေဆုံးသူဦးရေမှာ ၂၃ ဦးအထိ မြင့်တက်လာကြောင်း ရဲတပ်ဖွဲ့က မတ်လ ၇ ရက်တွင် အတည်ပြုပြောကြားသည်။



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ရိုဘီမြို့ရှိ ရပ်ကွက်အများအပြား၌ ရေကြီးခြင်းများ၊ ပျက်စီးမှုများ၊ လမ်းများပိတ်ဆို့မှုများနှင့် ဒေသခံများနေရပ်စွန့်ခွာရခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

မတ်လ ၆ ရက်ညပိုင်းကဖြစ်ပွားသည့် ရေကြီးမှုအတွင်း အပျက်အစီးအများဆုံးဖြစ်ပွားရာဒေသများတွင် နိုင်ရိုဘီမြို့အရှေ့ပိုင်းရှိ လူနေထူထပ်သော ကျူးကျော်ရပ်ကွက်များနှင့် ဝက်စ်လန်းဒေသအချို့ပါဝင်သည်။ ထို့ကြောင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များသည် ရေကြီးမှုကြောင့်ထိခိုက်ခဲ့ရသည့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ယခုအချိန်အထိ လူ ၂၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်းသိရသည်။ **Ref: Xinhua**

(၁၀၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် "ရေရှည်တည်တံ့သော ဝါသီးနှံစိုက်ပျိုးရေးစနစ်ဖြင့် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေး

နေပြည်တော် မတ် ၇

တောင်သူများအချင်းချင်း လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရေးနှင့် နည်းပညာပြန့်ပွားစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပလျက်ရှိသည့် အပတ်စဉ် (၁၀၅) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က အပတ်စဉ်ကျင်းပမြဲဖြစ်သော နည်းပညာဆွေးနွေးပွဲများသည် တောင်သူများအတွက် အသိပညာဗဟုသုတများ မျှဝေရာနေရာဖြစ်သည့်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးပညာရှင်များနှင့်သက်ဆိုင်သည့် သုတေသီများ၊ နည်းပညာပြန့်ပွားရေးပညာရှင်များနှင့် ချိတ်ဆက်ပေးသည့်အရေးပါသောပေါင်းကူးတံတားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းတို့က "ရေရှည်တည်တံ့သော ဝါသီးနှံစိုက်ပျိုးရေးစနစ်ဖြင့် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မြစ်သားမြို့နယ်တို့မှ အွန်လိုင်းဖြင့်ပါဝင်တက်ရောက်သည့်ဝါစိုက်တောင်သူများက မိမိတို့ဒေသအလိုက် ကြုံတွေ့နေရသည့် ပေါင်းမြက်ကျရောက်မှုပြဿနာများ၊ ပိုးမွှားကျရောက်မှု ပြဿနာများနှင့် ဈေးကွက်အခက်အခဲများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာပညာရှင်များက အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ (၂၀၂၆) ကျင်းပ



ရန်ကုန် မတ် ၇

မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ နှစ်ပတ်လည် အသင်းသား စုံညီညီလာခံ(၂၀၂၆)နှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်ပတ်လည်အသင်းသားစုံညီညီလာခံ သဘာပတိ ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးခိုင်ကလည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိန်ကလည်းကောင်း၊ စာရင်းစစ်ဆေးခြင်းအစီရင်ခံစာကို စာရင်းစစ် ဦးမင်းစိုးကလည်းကောင်း တင်သွင်းကြရာ မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ သဘာပတိက ညီလာခံတက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

မွန်းလွဲပိုင်းတွင် (၂၀၂၆-၂၀၂၇)ခုနှစ် အမှုဆောင်သစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ရွေးချယ်တင်မြှောက်ခံရသည့် ဗဟိုကော်မတီဝင်များက ကတိသစ္စာခံယူခဲ့ကြသည်။

အဆိုပါအမှုဆောင်သစ် ရွေးချယ်ခြင်းကို နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ ခက်ဖြာတစ်ခုဖြစ်သော မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့ကို ၂၀၁၄ ခုနှစ် ဧပြီလ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်အသင်းသား ၁၂၀၀ ကျော်ရှိကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးကူညီရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

နယ်စပ်ရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားပါးသည့်ဒေသများအတွင်း ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၇



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားပါးသည့် နေရာဒေသများ၌ ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်ဇောက်ကျေးရွာအနီး ရေးဟောင်းတမုတ်ရှင်ပင် ရွှေဂူကြီးဘုရားအတွင်းရှိ တမုတ်ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၄ လက် မစက် ရေတွင်း (တွင်းနက်) တစ်တွင်းတူးဖော်ခြင်း၊ ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တစ်ခုတည်ဆောက်ခြင်း လုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ကြီးကြပ်မှုဖြင့် အဆိုပါရေရရှိရေးလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်မှုကြောင့် တမုတ်ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် သံဃာတော်များ၊ လာရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ယောဂီအဘိုးအဘွားများနှင့်ရပ်ကွက်နေ ပြည်သူများအနေဖြင့် ယခင်က ပြင်ပမှသောက်သုံးရေဝယ်ယူအသုံးပြုရသည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိအသုံးပြုနိုင်ပြီဖြစ်သည့် အတွက် ဒေသခံပြည်သူများသည် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မြဝတီ

မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး မတ် ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ် စကုမြို့မဈေးကြီးနှင့် အနီးပတ်ဝန်းကျင်၌ မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက စကုမြို့ရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့များမှ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် စကုမြို့ရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များမှ စကုမြို့မဈေးနှင့် အနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်ခန်းများနှင့် လူနေအိမ်များတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးအသုံးပြုမှုများတွင် အန္တရာယ်ကင်းရှင်းစွာအသုံးပြုတတ်စေရေး၊ အပြင်သို့သွားပါက Main Switch ချဖို့ (ပိတ်ဖို့) လုံး၀(လုံး၀) မမေ့ပါနှင့် သတိပေးချက် စတေကာများကပ်ခြင်း၊ ဈေးရောင်းဈေး၀ယ်များနှင့် လမ်းသွားလမ်းလာပြည်သူများအား လျှပ်စစ်



အန္တရာယ်သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၀၂)**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၇

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈၆)

ခေတ်သစ်ကိုထုဆစ်ပေးသည့် အမျိုးသမီးတို့၏စွမ်းအား

ကိုဘုန်း

လူ့အဖွဲ့အစည်း၏အုတ်မြစ်နှစ်ရပ်ဖြစ်သော အမျိုးသားနှင့်အမျိုးသမီးတို့သည် လူသားမျိုးနွယ်အတွက် သဘာဝအလျောက် အမြဲအရေးပါနေကြသူများပင်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာပေါ်ရှိ တိုင်းပြည်အများစု၏ လူဦးရေစာရင်းများကို လေ့လာကြည့်ပါက အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ပိုမိုများပြားလျက်ရှိသည်ကိုတွေ့မြင်ရသည်။ ဤသို့အမျိုးသမီးဦးရေ များပြားလာမှုနှင့်အတူ ၎င်းတို့အား အမျိုးသားများနည်းတူ တန်းတူရည်တူအခွင့်အရေးများ ပေးအပ်နိုင်ရေးသည် ခေတ်အဆက်ဆက်၏ မလွဲသာသည့်တာဝန်ကြီးတစ်ရပ်ဖြစ်လာခဲ့သည်။ ထို့ကြောင့်ပင် ယနေ့ခေတ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် မိသားစုအတွင်းမှလွတ်မြောက်ကာ လူမှုအဖွဲ့အစည်း၏ရှုထောင့်ပေါင်းစုံ၌ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်ပြီး ၎င်းတို့၏စွမ်းရည်များကို မြှင့်တင်ဆောင်ရွက်လာနိုင်ခဲ့ကြသည်။

ဤသို့သော အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှု၏အထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ (International Women's Day) အဖြစ် ကမ္ဘာတစ်ဝန်းလုံးက သတ်မှတ်ကျင်းပကြသည်။ ယင်းနေ့သည် အမျိုးသမီးများ၏ အောင်မြင်မှုများကိုဂုဏ်ပြုရုံမျှမက ၎င်းတို့၏အခွင့်အရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ရန် ကမ္ဘာ့လူသားအားလုံးကို နှိုးဆော်သည့်နေ့လည်းဖြစ်သည်။ ဤနေ့ကို ဂုဏ်ပြုရာတွင် နှစ်စဉ်ဆောင်ပုဒ်များသတ်မှတ်ကာ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးအတွက် အသိပညာပေးလေ့ရှိသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ သမိုင်းကြောင်း

ပထမဆုံးသော အမျိုးသမီးများနေ့ကို အမေရိကန်လူ့အဖွဲ့အစည်းပါတီများက ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် နယူးယောက်မြို့၌ ကျင်းပခဲ့သည်။ ယင်းနောက် ၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ကျင်းပသော ပထမအကြိမ်အပြည်ပြည်ဆိုင်ရာအမျိုးသမီးညီလာခံတွင် ဂျာမနီနိုင်ငံဖွား အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင် Clara Zetkin က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တစ်နေ့သတ်မှတ်ပေးရန် ပဏာမအဆိုပြုတင်ပြခဲ့သည်။

၁၉၁၂ ခုနှစ်မှ ၁၉၁၅ ခုနှစ်အထိ Clara Zetkin ၏ဦးဆောင်မှုဖြင့် ဥရောပအမျိုးသမီးများသည် မတ်လ ၁၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ်သတ်မှတ်ကာ ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ ထို့နောက်၁၉၂၁ ခုနှစ်စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ မော်စကိုမြို့၌ကျင်းပသော ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာကွန်မြူနစ်အမျိုးသမီးများနေ့ညီလာခံတွင် ဘူဂေးရီးယားကိုယ်စားလှယ်များက ရုရှားအလုပ်သမားတော်လှန်ရေးကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာအမျိုးသမီးများနေ့ကို မတ်လ ၈ ရက်နေ့အဖြစ်သတ်မှတ်ပေးရန် တင်ပြခဲ့ကြသည်။ နောက်ဆုံးတွင် ၁၉၇၅ ခုနှစ်၌ ကုလသမဂ္ဂက မတ်လ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် တရားဝင်သတ်မှတ်ကြေညာခဲ့သည်။

အမျိုးသမီးများသည် ပင်ကိုဗီဇအားဖြင့် အားနွဲ့သူများဟု ဆိုနိုင်သော်လည်း ခေတ်ကာလအပြောင်းအလဲနှင့်အတူ အမျိုးသားများနှင့်အပြိုင် ကာယအား၊ ဉာဏ်အားနှင့် စိတ်ဓာတ်စွမ်းအားများ မွေးမြူတတ်လာကြသည်။ အမျိုးသားများနည်းတူ လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံသူများဖြစ်လာရန်၊ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြံ့ခိုင်သူများဖြစ်လာရန်၊ လုပ်ရည်ကိုင်ရည် ထက်မြက်သူများဖြစ်လာရန် ကြိုးပမ်းအားထုတ်နေကြပြီဖြစ်သည်။ ဤသို့ ကြိုးပမ်းအားထုတ်မှုများကြောင့်သာ အမျိုးသမီးများ၏စွမ်းရည်သည် ပိုမိုတိုးတက်မြင့်မားလာခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများနှင့် မြန်မာနိုင်ငံ

ကမ္ဘာပေါ်ရှိ အမျိုးသမီးများသည် ရှေးအစဉ်အဆက်ကပင် နိုင်ငံရေး၊ စီးပွားရေး၊ပညာရေး၊လူမှုရေးစသည့်ကဏ္ဍအသီးသီးတွင်အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိခဲ့ကြသည့်အပြင် အချို့နေရာဒေသများတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်းများကိုပါ ရင်ဆိုင်ခံစားခဲ့ကြရသည်။ **အမျိုးသမီးများသည် လူသားအချင်းချင်းအနက် လူသားများပင်ဖြစ်ကြပြီး စွမ်းဆောင်နိုင်စွမ်း အပြည့်အဝရှိသူများဖြစ်သော်လည်း တစ်ဖက်သတ်ဖိနှိပ်ခြင်း၊ ခွဲခြားခံရခြင်း၊ တန်းတူအခွင့်အရေးမရရှိခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ကို ကြုံတွေ့နေရသဖြင့် အမျိုးသမီးများ၏အခွင့်အရေးကိုကာကွယ်ခြင်းနှင့် ကျား-မ တန်းတူညီမျှမှု ညီမျှအခွင့်အရေးများကဲ့သို့သော ပြဿနာများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရမည်။** မိန်းကလေးငယ်များနှင့် အမျိုးသမီးများအတွက် အရည်အသွေးပြည့်မီသော ပညာရေးကိုတန်းတူရရှိစေရန် ဆောင်ရွက်ရမည်။ ပညာရေးသည် အမျိုးသမီးများ၏အရည်အချင်းများကို မြှင့်တင်ပေးရာတွင် အထောက်အကူပြုသည်။ **ကျား-မ ရေးရာရှုထောင့်များကို ထည့်သွင်းစဉ်းစားသည့်မူဝါဒများ ချမှတ်နိုင်ရန်အတွက် အမျိုးသမီးများဆုံးဖြတ်ချက်ချသည့် ရာထူးနေရာများတွင် ရှိနေရန် မရှိမဖြစ်လိုအပ်**သည်။ ထို့ပြင် တန်းတူညီမျှသော စီးပွားရေးအခွင့်အလမ်းများ၊ မျှတသောလုပ်ခလစာနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးကို ဆောင်ရွက်ရမည်။ စီးပွားရေးစွမ်းဆောင်နိုင်မှုသည် အမျိုးသမီးများ၏လွတ်လပ်မှုကို မြှင့်တင်ပေးပြီး အားနည်းချက်ကို လျော့ချပေးသည်။

ကျား-မ တန်းတူညီမျှမှုကိုမြှင့်တင်ရာတွင် တန်းတူညီမျှသော ပညာရေးရရှိခြင်း၊ လုပ်ငန်းခွင်တွင် ကျား-မ ကွာဟချက်များကို ပေါင်းကူးရန် တရားမျှတပြီး ဘက်မလိုက်သောမူဝါဒများ အကောင်အထည်ဖော်ခြင်း၊ ကျား-မ အခြေပြုခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးသည့်ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ကျား-မ နှစ်ဦးစလုံးအတွက် တန်းတူညီမျှမှုကို မိသားစုအဆင့်မှစတင်၍ ပံ့ပိုးခြင်း၊ ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ပါဝင်မှုကို အားပေးထောက်ခံခြင်း၊

- တန်းတူညီမျှသော ပညာရေးရရှိခြင်း၊
- လုပ်ငန်းခွင်တွင် ကျား-မ ကွာဟချက်များကိုပေါင်းကူးရန် တရားမျှတပြီး ဘက်မလိုက်သောမူဝါဒများ အကောင်အထည်ဖော်ခြင်း၊
- ကျား-မ အခြေပြု ခွဲခြားဆက်ဆံခြင်းမှကာကွယ်ပေးသည့် ဥပဒေများကိုပြဋ္ဌာန်းခြင်း၊
- ကျား-မ နှစ်ဦးစလုံးအတွက် တန်းတူညီမျှမှုကို မိသားစုအဆင့်မှစတင်၍ ပံ့ပိုးခြင်း၊
- ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ပါဝင်မှုကို အားပေးထောက်ခံခြင်း၊
- ကျား-မ အားလုံးအတွက် တန်းတူလစာနှင့် စီးပွားရေးအခွင့်အလမ်းများရရှိရေးမြှင့်တင်ခြင်း စသည့်နည်းလမ်းပေါင်းစုံဖြင့် ကျား-မ တန်းတူညီမျှမှုကို မြှင့်တင်နိုင် . . .

မြှင့်တင်ရေးတို့အတွက် နိုင်ငံအလိုက် ပြုပြင်ပြောင်းလဲရန် စည်းရုံးလှုပ်ရှားမှုများသည် ၁၉ ရာစုအတွင်းကပင် စတင်ပေါ်ပေါက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှုကို ကမ္ဘာကပိုမိုအသိအမှတ်ပြုလာသည်။ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာလူအခွင့်အရေးကြေညာစာတမ်းတို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူဖြစ်၍ တန်းတူညီမျှမှုရှိရမည်ဟု ချမှတ်ခဲ့သည်။ သို့ရာတွင် ထိုအခွင့်အရေးများကို အပြည့်အဝမခံစားမရရှိကြသော အမျိုးသမီးများစွာတို့ကမ္ဘာတစ်ဝန်းတွင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှုကို ထပ်မံအလေးပေးသည့်အနေဖြင့် ၁၉၆၇ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက "ကျား-မ ခွဲခြားမှုပျောက်ရေး" ကြေညာစာတမ်းကို တညီတညွတ်တည်း အတည်ပြုခဲ့သည်။

ထို့အတူ ၁၉၇၂ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ကျား-မ အခွင့်အရေးတန်းတူညီမျှရေးမြှင့်တင်ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအားလုံးတွင် အမျိုးသမီးများအပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန် ရည်ရွယ်၍ ၁၉၇၅ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်" (International Women's Year)အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းလှုပ်ရှားမှုများကျင်းပခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် "အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)" ကို ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းပေးလိုက်ရာ အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် ခွန်အားတစ်ရပ်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုမိုများပြားလျက်ရှိသည်။ ပိုများနေသောအမျိုးသမီးများ နောက်ကျမကျန်ရစ်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အမျိုးသမီးဘဝကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးတို့ကို မဖြစ်မနေဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးများ၏အခွင့်အရေးနှင့် ဘဝလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးရမည်ဖြစ်သကဲ့သို့ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ တစ်ဘဝလုံးဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ချက်များ

ဤသို့ အမျိုးသမီးများက ကိုယ်တိုင်ကြိုးစားအားထုတ်သင့်သကဲ့သို့ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းအားလုံးကလည်း အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးကို အလေးအနက်ထားဆောင်ရွက် ပေးရန်လိုအပ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း အမျိုးသမီးအခန်းကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိပြီး အမျိုးသားများနည်းတူ တန်းတူအခွင့်အရေး ပေးအပ်ထားသည်။

အမျိုးသမီးများ၏အခွင့်အရေးကို အာမခံချက်ပေးသည့် ခိုင်မာသော ဥပဒေမူဘောင်များ ချမှတ်ရန်အရေးကြီးသည်။ ဤဥပဒေများသည် ကျား-မ ရေးရာအခြေခံအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် တန်းတူမိဒီယာများတွင်ကျား-မ အားလုံး၏ကွဲပြားပြီး အပြုသဘောဆောင်သောသရုပ်ဖော်မှုကိုအားပေးခြင်း၊ ကျား-မ အားလုံးအတွက် သာတူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်း၊ ယဉ်ကျေးမှုပုံသေပုံစံများကို ဆန်းစစ်ပြီး လူ့အဖွဲ့အစည်းအတွင်းပါဝင်နိုင်သော သဘောထားများကိုမြှင့်တင်ခြင်း၊ ကျား-မ အားလုံးအတွက် တန်းတူလစာနှင့် စီးပွားရေးအခွင့်အလမ်းများရရှိရေးမြှင့်တင်ခြင်း စသည့်နည်းလမ်းပေါင်းစုံဖြင့် ကျား-မ တန်းတူညီမျှမှုကို မြှင့်တင်နိုင်သည်။

အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအဆင့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်သည်။ ကျား-မ တန်းတူညီမျှမှုသည် လူ့အခွင့်အရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာကြီးတည်ဆောက်ရေး၏ မဏ္ဍိုင်လည်းဖြစ်သည်။ **အမျိုးသမီးတစ်ဦးချင်းစီ၏အလားအလာအပြည့်အဝကို ဖွင့်ဟပေးနိုင်ခြင်းသည် ထိုအမျိုးသမီးအတွက်သာမက သူမ၏မိသားစု၊ ရပ်ရွာနှင့် တစ်နိုင်ငံလုံး၏ အနာဂတ်အတွက်ပါ ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်**သည်။

ဤသို့လျှင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုရင်း အမျိုးသမီးများ၏အခွင့်အရေး၊ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန် ကမ္ဘာ့လူသားအားလုံးအား ဖိတ်ခေါ်အပ်ပါသည်။ အမျိုးသမီးများ၏ စွမ်းရည်များအပြည့်အဝပွင့်လန်းလာသောအခါ လူ့အဖွဲ့အစည်း၏ အရှိန်အဟုန်သည် မည်မျှပင်တိုးတက်လာမည်ကို မြင်ယောင်ကြည့်နိုင်သည်။ ထို့ကြောင့် ယနေ့သာမက နောင်လာမည့်နေ့ရက်တိုင်းတွင်အမျိုးသမီးများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုအလေးထားဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

အဖြစ်များသောအသည်းအဆီဖုံးရောဂါ

ပေါက်ပေါက်

"အသည်းအဆီဖုံးရောဂါသည် အသည်းတစ်ခုလုံးကို အဆီများဖုံးလွှမ်းနေခြင်းမျိုးမဟုတ်ဘဲ အသည်းထဲက ဆဲလ်တချို့မှာ အဆီအိတ်ဥလေးများ စုဝေးနေခြင်းဖြစ်သည်။ ကျန်းမာနေသူတစ်ဦး၏ အသည်းထဲတွင် အဆီဥစုနေသော အသည်းဆဲလ်အနည်းငယ်မျှသာ ရှိသည် သို့မဟုတ် မရှိသလောက် လွန်စွာနည်းပါးသည်။ အရွယ်ရောက်ပြီးသူလူတစ်ဦး၏ အသည်းထဲတွင် အဆီဓာတ် ၅ ရာခိုင်နှုန်းသာ ရှိသင့်သည်။ အကယ်၍ ယင်းပမာဏထက် ပိုများနေပါက အသည်းအဆီဖုံးရောဂါ(Fatty Liver Disease) ဖြစ်သည်။ အဖြစ်များသော ရောဂါတစ်ခုဖြစ်ပြီး အချိန်မီမထိန်းချုပ်နိုင်ပါက အသည်းခြောက်သည်အထိဖြစ်နိုင်သည် . . ."

အသည်းသည် လူ့ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများတွင် အကြီးမားဆုံးကိုယ်တွင်းကလီစာတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်၏ညာဘက်အပေါ်ပိုင်း နံရိုးအောက်၌ တည်ရှိသည်။

အသည်း၏ လုပ်ငန်းဆောင်တာများ

လူတို့ပါးစပ်က စားသောက်လိုက်သောအစားအစာများတွင် ပါဝင်သည့် ပရိုတင်းနှင့် အဆီများကို အသည်းက ခွဲခြားချေဖျက်ပေးခြင်း၊ သွေးနှင့်အတူ ပါလာသော အဆိပ်အတောက်များနှင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ဘေးထွက်ဓာတုပစ္စည်းများကို အသည်းက အချိန်တိုအတွင်း ချေဖျက်ပေးခြင်းနှင့် နှလုံးသို့ သန့်စင်သောသွေးများ ရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်း စသည့် ကြီးလေးသော လုပ်ငန်းဆောင်တာများကို အသည်းက ၂၄ နာရီပတ်လုံး တာဝန်ယူပေးသည်။

ထို့ပြင် အသည်း၏ ထူးခြားသော နောက်ထပ်လုပ်ငန်းတစ်ခုမှာ သည်းခြေရည်များ ထုတ်လုပ်ပေးခြင်းဖြစ်သည်။ အဆိုပါသည်းခြေရည်များသည် အဆီပါသောအစားအစာများကို ချေဖျက်ပေးခြင်း၊ အဆီဓာတ်များ စုပ်ယူခြင်းနှင့် ဗီတာမင်ဓာတ်များကို ခန္ဓာကိုယ်က အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည်။ အသည်းသည် အစဉ်မပြတ်လှုပ်ရှားနေသော အင်္ဂါအစိတ်အပိုင်းဖြစ်ပြီး အသည်း၏လုပ်ငန်းတာဝန်မှာ အလွန်များပြားသကဲ့သို့ အသည်းတွင် ဖြစ်တတ်သော ရောဂါများမှာလည်း အလွန်များပြားသည်။ ယင်းတို့အနက် အသည်းအဆီဖုံးရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အသည်းအဆီဖုံးခြင်း

အသည်းအဆီဖုံးရောဂါသည် အသည်းတစ်ခုလုံးကို အဆီများဖုံးလွှမ်းနေခြင်းမျိုးမဟုတ်ဘဲ အသည်းထဲက ဆဲလ်တချို့မှာ အဆီအိတ်ဥလေးများ စုဝေးနေခြင်းဖြစ်သည်။ ကျန်းမာနေသူတစ်ဦး၏ အသည်းထဲတွင် အဆီဥစုနေသော အသည်းဆဲလ်အနည်းငယ်မျှသာရှိသည် သို့မဟုတ် မရှိသလောက် လွန်စွာနည်းပါးသည်။ အရွယ်ရောက်ပြီးသူလူတစ်ဦး၏ အသည်းထဲတွင် အဆီဓာတ် ၅ ရာခိုင်နှုန်းသာ ရှိသင့်သည်။ အကယ်၍ ယင်းပမာဏထက် ပိုများနေပါက အသည်းအဆီဖုံးရောဂါ (Fatty Liver Disease) ဖြစ်သည်။ အဖြစ်များသော ရောဂါတစ်ခုဖြစ်ပြီး အချိန်မီမထိန်းချုပ်နိုင်ပါက အသည်းခြောက်သည်အထိ ဖြစ်နိုင်သည်။

အသည်းအဆီဖုံးရခြင်းအကြောင်းများ

အောက်ဖော်ပြပါအခြေအနေ (၃) ရပ်ကြောင့် အသည်းအဆီဖုံးခြင်းဖြစ်တတ်သည်။

- Alcoholic Steatohepatitis (ခေါ်) အရက် အလွန်အကျွံသောက်ခြင်းကြောင့် အသည်းတွင် ဒဏ်ရာဖြစ်လာသည့် အသည်းအဆီဖုံးရောဂါတစ်မျိုးဖြစ်သည်။
- Non-alcoholic steatohepatitis (NASH) (ခေါ်) အရက်ကြောင့်မဟုတ်ဘဲ သာမန်လူများတွင်ဖြစ်သော အဆီဖုံးရောဂါတစ်မျိုးဖြစ်သည်။ အထူးသဖြင့် အဝလွန်သူ၊ လမ်းလျှောက်နည်းသူ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူ၊ အအိပ်အနေလွန်ကဲသူ၊ အဆီအစိမ့်အစားများသူ၊ ဇီမိခံလွန်းသူ၊ ဆီးချို၊ သွေးတိုး၊ သွေးအတွင်းအဆီများသူနှင့် အသက် ၅၀ ကျော် အမျိုးသမီးများတွင် ပို၍အဖြစ်များသည်။
- Acute Fatty Liver (ခေါ်) ကိုယ်ဝန်ဆောင်စဉ် အလွန်ဆိုးရွားသည့် အသည်းအဆီဖုံး ရောဂါတစ်မျိုးဖြစ်သည်။

ရောဂါလက္ခဏာများ

လူအများစုတွင် ရောဂါလက္ခဏာသိသိသာသာမပြတတ်ပေ။ အသည်းအင်ဇိုင်းများ မြင့်တက်လာချိန်မှသာ ဗိုက်၏ ညာဘက်အပေါ်ပိုင်း (အသည်းရှိရာနေရာ)အနည်းငယ်အောင့်ခြင်း သို့မဟုတ် တင်းခြင်း၊ လက်ယာဘက်ရင်ဘတ်အောက်ပိုင်း မအီမသာဖြစ်ခြင်း၊ အတန်ငယ်နာကျင်ခြင်း၊ ကိုယ်ခံအားနည်းခြင်း၊ အစားအသောက်ပျက်ခြင်း၊ အမြဲတမ်းနုံးချည့်နေခြင်း၊ ရောဂါရင့်လာချိန်တွင် အသားဝါခြင်း စသည်ဖြင့် ခံစားရသည်။ ဖော်ပြပါရောဂါလက္ခဏာများက အသည်းအရွယ်အစားကြီးမားနေပြီဖြစ်ကြောင်းကို ဖော်ပြနေပြီး အချိန်ကြာလာသည်နှင့်အမျှ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အသည်းခြောက်လာနိုင်သည်။

အသည်းခြောက်လာပါက အထက်ဖော်ပြပါ ရောဂါလက္ခဏာများအပြင် အသားအရေပေါ်တွင် အနီစက်၊ အညိုကွက်များပေါ်လာခြင်း၊ သွေးယိုလွယ်ခြင်း၊ ရေဖျဉ်းစွဲ၊ ဝမ်းအမည်းသွား၊ သွေးအန်၊ မျက်လုံးဝါ၊ အသားဟင်းအစားများသည့်အခါ ဝမ်းချုပ်လာပြီး သတိလစ်ချင်သလိုဖြစ်ခြင်း၊ အိပ်ဆေး သို့မဟုတ် ဘယဆေးများသောက်ပါက အခြေအနေဆိုးလာပြီး သတိလစ်ချင်သလိုဖြစ်ခြင်း၊ ကြွက်သားများပျော့ပြီး အထိုင်အထခက်ခြင်း စသည်တို့ကို ခံစားရသည်။ အသည်းအဆီဖုံးရောဂါရှိသူ၏ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းသည် အသည်းခြောက်ရောဂါအဖြစ်သို့ ကူးပြောင်းသွားနိုင်ပြီး အသည်းခြောက်ရောဂါရှိသူ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသည် အသည်းကင်ဆာသို့ ကူးပြောင်းနိုင်သည်။

ကာကွယ်ခြင်း

အသည်းအဆီဖုံးခြင်းအတွက် သီးသန့်ဆေးဝါးမရှိသေးပေ။ နေထိုင်မှုပုံစံပြောင်းလဲခြင်းကသာ အထိရောက်ဆုံးကုသမှုဖြစ်သည်။ ကိုယ်အလေးချိန်လျှော့ချပါ။ ကိုယ်အလေးချိန် ၇ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်လျော့သွားလျှင် အသည်းရောင်မှုသိသိသာသာသက်သာစေသည်။ အစားအသောက်ဆင်ခြင်ပါ။ အချိုလွန်ကဲစွာ စားသောက်ခြင်း၊ ဆီကြော်စာစားခြင်းတို့ကိုရှောင်ပြီး ဟင်းသီးဟင်းရွက်နှင့် အမျှင်ဓာတ်ပိုစားပါ။ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ တစ်ရက်လျှင် အနည်းဆုံး နာရီဝက်ခန့် လမ်းလျှောက်ပါ။ ပုံမှန်လုပ်ပေးပါ။ ရောဂါအခံကို ထိန်းချုပ်ပါ။ ဆီးချိုနှင့် သွေးတိုးရှိလျှင် ဆေးမှန်မှန်သောက်ပြီး ထိန်းထားပါ။ ရက်သတ္တပတ်လျှင် နာရီဝက်ခန့် သုံးကြိမ်မှ ငါးကြိမ်အထိ စက်ဘီးစီးခြင်း၊ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် အလေးမခြင်း စသည်တို့ကို ပြုလုပ်ပါ။ ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါရှိသူများကလည်း အသည်းအဆီဖုံးခြင်းနှင့်ဆက်စပ်နေ၍ ထိုရောဂါများဖြစ်မလာအောင် နေ့စဉ်ဘဝတွင် ကျန်းမာရေးအသိ၊ သတိဖြင့် ဆင်ခြင်နေထိုင်သင့်သည်။ အရက်ကြောင့် အသည်းအဆီဖုံးသူဖြစ်ပါက လုံးဝဖြတ်ရန် လိုအပ်သည်။ မသောက်ဘဲမနေနိုင်ပါက တစ်ရက်လျှင် တစ်ယူနစ် သို့မဟုတ် ၂၅ မီလီလီတာ သို့မဟုတ် ရေနွေးကြမ်းတစ်ခွက် ပမာဏမျှသာ သောက်ပါ။ ဝိုင်ကြိုက်သူများအနေဖြင့် တစ်ရက်လျှင် ၇၀ မီလီလီတာမှ ၈၀ မီလီလီတာပမာဏထက် ပိုမသောက်ရပါ။ ဘီယာသောက်သူများက တစ်ရက်လျှင် ဘီယာမတ်ခွက်၏ တစ်ဝက်ခန့် သာသောက်ပါ။ ထိုပမာဏများထက် ပိုမသောက်ပါနှင့်။

ကုသနည်း

အသည်းအဆီဖုံးခြင်း ရှိ၊ မရှိ Ultra-sound (တယ်လီဗေးရှင်းဓာတ်မှန်) ရိုက်ခြင်း သို့မဟုတ် သွေးစစ်ခြင်း (Liver Function Test) တို့ဖြင့်သိနိုင်သည်။ ထို့ပြင် အသည်းအဆီဖုံးခြင်းအတွက် အသည်းစစ်ဆေးခြင်း၊ သွေးတွင်းအဆီပမာဏ အခြေအနေကို စစ်ဆေးခြင်း၊ CT Scan MRI စက်ဖြင့် အသည်းထဲမှ အဆီပမာဏကို စစ်ဆေးခြင်း၊ အဆီဖုံးနေသောအသည်းမည်မျှခြောက်နေသည်ကို သိရှိနိုင်ရန် အသည်း၏ အသားစကို Biopsy ယူ၍ စစ်ဆေးခြင်း၊ Fibroscan ဖတ် စစ်ဆေးခြင်းတို့အပြင် အသည်းကျစ်သည်ကို တိုင်းသည့်စက်ဖြင့်လည်း စစ်ဆေးကာ ရောဂါကိုကုသလေ့ရှိသည်။ မှီတက်နေသော တချို့ဘယဆေးများက အသည်းအဆီဖုံးရောဂါရရှိနိုင်သကဲ့သို့ အနောက်တိုင်းဆေးများတွင်လည်း အသည်းအဆီဖုံးရောဂါရရှိနိုင်သည့် ဘေးထွက်ဆိုးကျိုးများရှိနေသည်။ ထို့ကြောင့် အမှန်တကယ်သိနားလည်သူ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်းသာ ဆေးညွှန်းသုံးစွဲပါ။

ဆောင်ရန်အစားအစာများ

Duke National University of Singapore မှ သုတေသီများ၏ လေ့လာမှုအရ ကော်ဖီ သို့မဟုတ် လက်ဖက်ရည်မှရသော ကဖင်းဓာတ်သည် အသည်းအဆီဖုံးခြင်းကို သက်သာစေပြီး အသည်းကို ပိုမိုကျန်းမာစေသော အာနိသင်များရှိနေကြောင်း လေ့လာတွေ့ရှိထားသည်။ အမျှင်ဓာတ်များသော ဟင်းနုနယ်ရွက်ကဲ့သို့ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများနှင့် အစေ့အဆန်များကို များများစားပါ။ အနီရောင်ရှိသော အသားများ၊ ငါးနှင့် အခွံမာပင်လယ်စာများကို သေချာကျက်အောင် ချက်ပြုတ်စားပါ။ ရေများများသောက်ပါ။ အဆီနည်းသော အသားဖြစ်သည့် အရေခွံဆုတ်ထားသောကြက်သားစားပါ။ ငါး၊ ကြက်ဥအကာနှင့် ပဲအမျိုးမျိုးတို့ကိုစားပါ။ အဆီထုတ်ထားသော နို့နှင့် နို့ထွက်ပစ္စည်းများကိုသာစားပါ။ ကျန်းမာရေးနှင့်ညီညွတ်သော အသီးအနှံများဖြစ်သည့် အခွံမာသီး၊ ထောပတ်သီးစားပါ။ ပဲပိစပ်၊ ပြောင်းဖူးစားပါ။

ရှောင်ရန်အစားအစာများ

အသည်းအဆီဖုံးပါက ဆီ၊ သည်းခြေရည်ထုတ်လုပ်မှုနည်းလာသဖြင့် အစာနှင့် အတူပါလာသော အဆီများကို ချေဖျက်နိုင်စွမ်းအားနည်းသွားသည်။ ထိုအခါ အဆီပါသောအစားအစာတို့ကို များစွာစားမိပါက အစာမကြေ၊ ရင်ပြည့်ရင်ကယ်ခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် ဆီ၊ အဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချပါ။ သကြားများသော အစားအစာများဖြစ်ကြသည့် ဘီစကွတ်၊ ဒိုးနတ်၊ ကိတ်မုန့်နှင့် တခြားတာရှည်ခံအောင် ပြုလုပ်ထားသောမုန့်များကိုရှောင်ပါ။ အထူးသဖြင့် အမဲဆီ၊ ဝက်ဆီတို့ကိုရှောင်ပါ။ ပဲဆီ၊ နှမ်းဆီများထက် နေကြာဆီနှင့် သံလွင်ဆီတို့ကိုသာစားပါ။ ဥအနှစ်နှင့် မလိုင်တို့ကိုရှောင်ပါ။ ကာဗွန်ဖြင့်ပြုလုပ်ဖန်တီးထားသော အချိုရည်များကိုရှောင်ပါ။

အသည်းအဆီဖုံးခြင်းအတွက် မြန်မာ့ဆေးစွမ်းကောင်းများ

- အသည်းအူ လဲလှူဟု ခေါ်ဆိုသံုးလေ့ရှိသည့် လဲလှူပင်က အသည်းရောင်၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းခြောက်၊ အသည်းကင်ဆာစသည့် အသည်းရောဂါအမျိုးမျိုး အတွက်သာမက အစာအိမ်၊ အူသိမ်၊ အူမများတွင်ဖြစ်သည့် ရောဂါများကိုလည်း ပျောက်ကင်းသက်သာနိုင်သည်။ လဲလှူပင် တစ်ပင်လုံး (ပဉ္စင်းပါးစလုံး) ဆေးဖက်ဝင်သည်။ လဲလှူရွက် လက်တစ်ဆုပ်စာပမာဏကို ရေစင်စင်ဆေးပြီးနောက် နှစ်သက်သလို ဟင်းချိုချက်သောက်၊ ပြုတ်တို့၊ ငါးရံ့နှင့် ဟင်းချက်စားပါ။ ထိုအရွက် လက်တစ်ဆုပ်စာပမာဏကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။ (လဲလှူပင်များကို မန္တလေးတိုင်းဒေသကြီး ရေစကြို မြို့နယ်တွင် လဲလှူဖို့၊ လဲလှူမ ဟူ၍ အဖိုပင်နှင့် အမပင်တို့ကို တွေ့ရှိနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်ဘက်တွင်လည်းကောင်း၊ အင်းစိန်မြို့နယ် တည်းကုန်းဈေးခွံ ကုန်စိမ်းရောင်းသော ဟင်းရွက်သည်များထံတွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။)
- တောင်ဆီးဖြူပင် လက်တစ်ဆုပ်စာကို ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုသောက်ပါ။ ပြီးလျှင် ချောကလက်စားပါ။ ထို့နောက် ကျွဲကောသီးစားပါ။ (တစ်လတိတိ ထိုသို့အစဉ်လိုက်စားပေးရပါမည်) ယခုကဲ့သို့ တောင်ဆီးဖြူပင်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ပြီး ချောကလက်စားလိုက်ပါက အသည်းတွင် ချောကလက်တို့ကပ်နေပါလိမ့်မည်။ ထို့နောက် ကျွဲကောသီးစားလိုက်သည့်အခါ အသည်းတွင် ကပ်နေသော ချောကလက်အပြင် အဆီတို့ကိုပါ တိုက်စားသွားခြင်းဖြင့် အသည်းတွင်ဖုံးနေသော အဆီများ ကွယ်ပျောက်သွားပါလိမ့်မည်။
- လိမ္မော်သီးစားပါ။ လိမ္မော်သီးက အသည်းအဆီဖုံးရောဂါအတွက်သာမက အသည်းကြီးခြင်း၊ ဆီးကျောက်တည်ရောဂါ၊ သည်းခြေအိတ်ကျောက်တည်ရောဂါများအတွက်လည်း လွန်စွာသင့်လျော်သည်။

အချုပ်အားဖြင့်ဆိုသော် အသည်းအဆီဖုံးရောဂါသည် အမျိုးသားရော အမျိုးသမီးများတွင်ပါ ဖြစ်တတ်ပြီး အရက်မသောက်တတ်သူများလည်း ဖြစ်တတ်သည်။ အရက်သောက်သုံးမှုနှင့်မသက်ဆိုင်သော အသည်းအဆီဖုံးရောဂါသည် မျိုးရိုးဗီဇကြောင့်လည်းဖြစ်တတ်သည်။ ထိုရောဂါသည်များတွင် အသည်း၌ အဆီစုစည်းမှု ၅ ရာခိုင်နှုန်းမြင့်တက်လာတိုင်း အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၇ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း ဗြိတိန်နိုင်ငံ ဘရူနယ်လ်တက္ကသိုလ်မှ သုတေသီများက သတိပေးထားသည်။ သို့ပါ၍ လူသားအားလုံး အသည်းအဆီဖုံးရောဂါမဖြစ်လာစေရန် ကြိုတင်ကာကွယ်ထားကြစေလိုကြောင်း အကြံပြုလိုက်ရပါသည်။

(၃၈)ဖြာမင်္ဂလာ

သတိရှိပါ (တပေါစ)



စိုးသူတို့ကျောင်းအဆင်းမှာ လယ်ထဲမှ ပြန်လာသော ဦးအေးနှင့်ဆုံမိကြသည်။

"ဦးလေး လယ်ထဲကပြန်လာတာလား"

စိုးသူအမေးကို ဦးအေးက

"အေး... ဟုတ်တယ် စိုးသူရ၊ မင်းကော ကျောင်းဆင်းလာပြီလား"ဟု ပြန်လည် နှုတ်ဆက်လာပါသည်။

စိုးသူတို့သူငယ်ချင်းတစ်သိုက် လမ်းရှင်းပေးလိုက်ကြပါသည်။ ဦးအေးက ရွာလမ်းအတိုင်း နွားနှစ်ကောင်ကိုမောင်းကာ ရွာထဲသို့ဝင်သွားလေသည်။

"နွေရောက်ရင် ဦးအေးက အလှူလုပ်မှာ တဲ့ကွ" ဟု တင့်လွင်က စကားစပါသည်။

"မိုးစပါးတွေအောင်တော့ သူ့သားလေးကို ရှင်ပြုပေးမှာပေါ့ကွာ" ဟု မောင်လတ်ကဆိုပါသည်။

"လယ်လည်းလုပ်တယ်၊ ညဆိုလည်း စျေးထွက်ရောင်းတယ်၊ မိအိုဖအိုတွေကိုလည်း လုပ်ကျွေးတယ်၊ ဒီတော့ သူ့အလှူကမြတ်ပြီပေါ့ကွာ" ဟု မြတ်သူကဆိုလေသည်။

"မနက် ... မနက်ဆိုရင်လည်း အစောကြီး ထပြီး လယ်ထဲဆင်းတာကွ" ဟု ပိုင်စိုးက ပြောလေသည်။

"ဝီရိယကောင်းတာလို့ခေါ်တယ်ကွ ပိုင်စိုးရ" မြတ်သူက ပိုင်စိုးကိုရှင်းပြသည်။ တစ်ဆက်တည်း "ဦးအေးက ဝီရိယကောင်းရုံတင်မဟုတ်ဘူးကွ၊ သတိလည်းသိပ်ကောင်းတာ" ဟုပြောလေသည်။

"သတိ...ဟုတ်လား၊ ဘာကိုပြောတာလဲကိုမြတ်သူ"

လှတိုးက မြတ်သူအပြောကို မရှင်းလင်း၍ ဝင်မေးလိုက်လေသည်။

"ဦးအေးကြီးက သာမန်ကြည့်ရင်တော့ မပြည့်စုံသူတစ်ဦးလို့ ပြောနိုင်တယ်မဟုတ်လား၊ အဲဒီလိုမပြည့်စုံတဲ့ဘဝမှာ သူ့ဘဝကိုပြည့်စုံစေရမယ်ဆိုတဲ့ ဖြားယောင်းမှုတွေနဲ့ ကြုံခဲ့ရတယ်လို့ ငါကြားဖူးတယ်၊ မျက်စိအမြင်၊ နားအကြား၊ လျှာဖျားအာရုံတွေနဲ့ ဆွဲဆောင်ကြတယ်၊ အဲဒါတွေကို သူကသတိထားပြီး ရှောင်ရှားနိုင်ခဲ့တယ်၊ ရိုးသားစွာနဲ့ ကြိုးစားပြီးတော့ ဘဝကိုရင်ဆိုင်ခဲ့တယ်။"

"ချီးကျူးစရာပဲနော်" လှတိုးက ဝမ်းသာစကားဆိုပါသည်။

"သူ့အကြောင်းကို မင်းတို့နားထောင်မှာလား" မြတ်သူ၏အမေးကို စိုးသူတို့ ခေါင်းညိတ်ပြလိုက်ကြသည်။

"မိုးတွေအရမ်းရွာတဲ့နေ့တစ်နေ့မှာပေါ့ကွာ၊ ဦးအေးကြီးဟာ နွားဝယ်ဖို့ကိစ္စနဲ့ သဲကုန်းကို သွားပြီး အိမ်အပြန်လမ်းမှာပေါ့၊ ဗိသနိုးဘုရင်မရဲ့ သချိုင်းဂူမှာ သိပ်ကိုလှပပြီး အရွယ်လည်းငယ်တယ်၊ လက်ဝတ်ရတနာတွေလည်း အပြည့်ဝတ်ထားတဲ့ မိန်းမပျိုလေး တစ်ဦးကို တွေ့လိုက်ရတယ်။"

"ဥစ္စာစောင့်များလား" ဟု မောင်လတ်က ဝင်ပြီး ထင်ကြေးပေးသလို "ဗိသနိုးဘုရင်မဖြစ်မှာပေါ့" ဟု တင့်လွင်ကလည်း ဝင်ပြောလေသည်။ မြတ်သူက "မိန်းမပျိုလေးဟာ အတိတ်မေ့ဝေနာကို ခံစားနေရတဲ့ပုံပဲ၊ ဒါပေမဲ့ ဦးအေးကြီးကိုတော့ အတော်ချစ်ပုံရတယ်၊ ကြာတော့ရွာကလည်း ဦးအေးကြီးနဲ့ယှဉ်ထင်ကြောင်ထင် ထင်လာတယ်။ ဦးအေးကြီး မိဘနှစ်ပါးကလည်း မိန်းမပျိုလေးနဲ့စုံမက်စေချင်ကြတယ်၊ ဒီနေရာမှာ ဦးအေးကြီးရဲ့သတိရှိပုံက ချီးကျူးစရာဖြစ်လာတယ်။ မိန်းမပျိုလေးရဲ့ဖြားယောင်းတဲ့ပုံသဏ္ဌာန်တွေ၊ အမှတ်တမဲ့နဲ့ ထိတွေ့မှုတွေဟာ ဦးအေးကြီးကို သာယာလာစေတယ်။ မိန်းမပျိုလေးကို သတိထားဂရုစိုက်နေရင်းက သူမဟာ ဖောက်ခွဲရေးလုပ်ငန်းတွေအတွက် တို့မှော်ဇာမှာ လာမှီခိုနေတာကို ဦးအေးကြီးသိလိုက်ရတယ်။"

"နောင်တော့ရော" လှတိုးက သိလိုဇောနှင့် မေးလိုက်သည်။

"သူ့အပြစ်ကိုသူသိလို့၊ ဦးအေးကြီး လယ်ထဲဆင်းချိန်မှာ အိမ်ကနေထွက်သွားတော့တယ်" မြတ်သူက စကားကိုခေတ္တရပ်ပါသည်။ ပြီးမှ

"အေး... အဲဒီလို သတိလည်းရှိတယ်၊ အလုပ်လုပ်တဲ့နေရာမှာလည်း ဝီရိယရှိတယ်၊ ဒါကြောင့် ငါ့ဖေဖေနဲ့မေမေက ဦးအေးကို ကြည့်ပြီး အတုယူရမယ်လို့ ငါ့ကိုမကြာမကြာ ဆုံးမဖူးတယ်။"

မြတ်သူစကားကြောင့် စိုးသူတို့တစ်တွေ ဦးအေးဘဝကို နားလည်လိုက်ကြပါသည်။ နားလည်မှုနှင့်အတူ ဦးအေး၏အတုယူစရာကောင်းသော သတိနှင့်ဝီရိယကိုလည်း တုန်မိုးနာယူကြမည်ဟုဆုံးဖြတ်လိုက်မိပါတော့သည်။ ။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

လူငယ်နှင့် အောင်မြင်ရေး

စိတ်၏အစွမ်း

အလုပ်

ပျက်မှာကို တွေး၍ မကြောက်နှင့်၊ အပျက်များခြင်းသည် အတွေ့အကြုံများခြင်းဖြစ်၏။ အတွေ့အကြုံများခြင်းသည် ခက်ထန်သော ဆရာဖြစ်၏။ သို့သော်လည်း ထိုဆရာထက် ကောင်းသောဆရာ လောကမှာမရှိချေ။ မနာလိုသောစိတ်၊ မခံချင်သောစိတ်နှင့်မပြိုင်ရ၊ ကြီးပွားလိုသောစိတ်နှင့်ပြိုင်ရမည်။

ကြီးပွားရေးအလုပ်ကို ပါရမီဖြည့်ခြင်းတစ်မျိုးဟု သဘောထားရမည်။ အကြောင်းမူကား ထိုအလုပ်သည် ဥာဏ်၊ ဝီရိယ၊ သည်းခံခြင်း၊ သဘောကြီးခြင်းတို့၏ အထုပါရမီကို တိုးတက်စေ၏။

"ငါ့ကိုမှီ၍ အသက်မွေးသူတွေ ဘဝအဆက်ဆက်များသည်ထက်များနိုင်ပါစေ" ဟူသောစိတ်ကိုထားရမည်။

"ငွေကြေးမြောက်မြားစွာရှာခြင်းကို မိမိတစ်ဦးတည်းအတွက်ကြောင့်ဟု သဘောမထားအပ်ပေ။ အများအတွက် သဘောထား၍ ရှာသူအား ကူညီမှိုင်းမသော သဘောဓာတ်တို့သည် လောကဓာတ်၌ ရှိသည်" ဟု ဟင်နရီဖို့ဒ် ပြောဖူးလေသည်။

ပျက်စီးသည့်အခါ အကြောင်းကိုသေချာစွာရှာရမည်။ အများအားဖြင့် စိတ်ကိုဖြေသောအနေဖြင့် ကံကိုအကြောင်းပြုကာ စွဲတတ်ကြ၏။ ထိုအရေးမျိုး၌ မိမိကိုယ်ကို လှည့်စားခြင်းမပြုရ။ မိမိကိုယ်တိုင်၌ အဘယ်အပြစ်၊ အဘယ်ချို့ယွင်းမှု၊ အဘယ်အမှား၊ အဘယ်ဆိုးသွမ်းမှု ကြောင့် ပျက်ရသည်ကို အသေချာဆုံးဖြတ်စစ်ဆေးရမည်။

စားလို့မကုန်၊ မှားလို့ကုန်သည်ဟူသောစကားသည် အများအားဖြင့်မှန်တတ်၏။ သို့ဖြစ်၍ ကြီးပွားရေး၌ သတိသည် ဥာဏ်ထက်အရေးကြီးလေသည်။ အမှတ်သညာများသောသူမှာ လွယ်ကူစွာ သတိလစ်လေ့မရှိချေ။ သို့သော်လည်း လောက၌ မမှားသူမရှိ၊ အမှားနည်းနိုင်သမျှနည်းအောင် သတိထားဖို့သာရှိလေသည်။

သတိဉာဏ်အတွက် ကျန်းမာခြင်းသည်အရေးကြီး၏။ တစ်နေ့လျှင် ခြောက်နာရီမှ ခုနစ်နာရီထိ အိပ်သူမှာ အလုပ်ကြောင့် ဘေးမဖြစ်နိုင်။ စင်စစ်မှာ အလုပ်လုပ်အားကြီးသောကြောင့် ရောဂါဖြစ်သည်ဟူ၍ မရှိ၊ စိတ်မချမ်းသာခြင်းကြောင့်သာ ရောဂါဖြစ်တတ်လေသည်။ ။

ဆရာကြီးဝိမိုးနင်း၏ "သုခချမ်းသာစိတ်ပညာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

ဝိမိုးနင်း

ဆိုရိုးစကား အလေးထား

ရန်လိုက ရန်ပိုသည်၊ ရန်မလိုမှ ရန်ပြိုသည်

သူတစ်ပါးအား ရန်လိုလျှင် မိမိ၌ ဘေးရန်များတတ်သည်။ သူတစ်ပါးအား ရန်မလိုမှသာ မိမိ၌ ဘေးရန်ကင်းရှင်းမည်။

"သည်းပွတ်မင်းပျို၊ ရန်မလိုနှင့်၊ **ရန်လိုရန်ပို၊ ရန်မလိုက၊ ရန်ပြို** သတတ်၊ မှန်မချွတ်တည့်၊" [၁၂၆၆] မဃ*၂၀၇။

"**ရန်လိုလျှင် ရန်ပိုသည်၊ ရန်မလိုမှ ရန်ပြိုသည်** ဆိုသောစကားကဲ့သို့ သူတစ်ပါးတို့အားရန်လိုခြင်း၊ မျက်မာန်ရှု၍ မုန်းထားခြင်းကို မပြုအပ်ကုန်။" [၁၂၆၆]သန်းမေ၊ ဒု။ ၁၀၅။

လာမည့်ဘေး ပြေးတွေ့

မလွဲမသွေ တွေ့ရမည့် ဘေးအန္တရာယ်မျိုးကို အမြန်ဆုံးရင်ဆိုင်ဖြေရှင်းပါ။

လာမည့်ဘေး အဝေးကရှောင်–နှင့် နှိုင်းယှဉ်။

"တို့ဗမာအစည်းအရုံး၏ အကြီးဆုံးသော ယူဆချက်တစ်ခုမှာ **လာမည့်ဘေးပြေးတွေ့**ဖြစ်သည်။" [၁၂၉၉] ခင်ကာ။ ၁၂၆။

"**လာမည့်ဘေး ပြေးတွေ့**ရုံမှတစ်ပါး အခြားမရှိတော့သည်သာ။" [၁၃၃၄] ကျွန်ဦး။ ၄၇၁။

လွယ်လွန်းက ရှုံး၊ ထည်လွန်းက မုန်း

သဘောလွယ်လွန်းပါက အရှုံးနှင့်ရင်ဆိုင်ရတတ်သည်။ ထည်ဝါလွန်းပါကလည်း အများမုန်းတီးတတ်သည်။

"အိမ်ထောင်ဖက်အရေး၊ သားမယားအမှုကို မတွေးဘဲမပြုသာ၊ ကရုဏာကြီးလွန်းလျှင်လည်း မတော်လှ၊ **လွယ်လွန်းက ရှုံး၊ ထည်လွန်းကမုန်း**ဆိုတဲ့စကားအတိုင်း အလွယ်ချည်းလည်း မလိုက်သာ၊ ထည်ထည်ဝါဝါကြီးနေလို့လည်း မတော်၊ လျော်ကန်အောင်စဉ်းစားပြီး နေနိုင်မှ သင့်မြတ်တဲ့ ကာလမို့...။" [၁၂၇၆] မြင့်၊ ပ။ ၁၆၇။

ဝါသနာဘာဂီ၊ ဆက်တိုင်းမှီ

ဝါသနာသည် ဘဝအဆက်ဆက် တွယ်မှီပါလာတတ်သည်။

"ယခုကလျှင်၊ စဉ်းတင်၍ ချစ်ကြင်ပါရ၊ ကံကိစ္စကြောင့်၊ ဘဝနောင်ခါ၊ သံသရာလည်း၊ **ဝါသနာဘာဂီ၊ ဆက်တိုင်းမှီ**၍ ချစ်ညီတူကွ၊ မခွဲကြပြီ" [၁၁၈၉] ကုသ* ၄၁၄။

"**ဝါသနာဘာဂီ၊ ဆက်တိုင်းမှီ**ဆိုတဲ့စကားဟာ လွန်စွာမှန်သနော်။ ဘဝတစ်ခုက စွဲလမ်းခဲ့တဲ့ ဝါသနာမျိုးဟာ နောက်ဘဝတစ်ခုသို့ လိုက်ပါတတ်တယ်။" [၁၂၈၈] ထေရီ၊ ဒု။ ၄၇။

"ဗြဟ္မဒတ်မင်းရာဇာမှာ ဝါသနာအတိုင်း **ဝါသနာဘာဂီ၊ ဆက်တိုင်းမှီ** ဆိုသလို သားသမင်ကို စားချင်သောက်ချင်တဲ့စိတ်ပေါက်လာတော့...။" [၁၂၉၆] မဋ္ဌရီ၊ ပ။ ၉၅။

သတိလက်ယာ၊ ပညာလက်ဝဲ

မည်သည့်အရာတွင်မဆို သတိနှင့်ပညာယှဉ်၍သာ ကြံစည်ပြောဆိုပြုမူရာသည်။

"**သတိ**ကို**လက်ယာ**၊ **ပညာ**ကို**လက်ဝဲ**၊ အမြဲမကွာ၊ ကိုယ်မှာထားသို့၊" [၁၂၃၈] သြကထာ။ ၃၁။

"မေ့ကျန်မရှိ၊ **သတိလက်ယာ၊ ပညာလက်ဝဲ**၊ ယှဉ်အမြဲနှင့်၊" [၁၂၆၆] မဃ* ၂၀၇။

ဟင်းကောင်းတိုင်း ထမင်းမဖြိန်

ဟင်းကောင်းသော်လည်း ခံတွင်းမတွေ့လျှင် ထမင်းစား၍မဖြိန်ပေ။ "**ဟင်းကောင်းတိုင်း ထမင်းမဖြိန်နိုင်**ဟုဆိုရိုးရှိသည်။ အသားနှင့်အသီးအရွက်တို့ကို သူ့နေရာနှင့်သူလိုက်ဖက်အောင် ချက်ပြုတ်နိုင်ဖို့ကို လိုလားကြ၏။" [၁၃၂၉] ဗမာ။ ၅၀၆။

အစာလည်း ဆေး၊ ဆေးလည်း အစာ

သင့်လျော်သော အစားအစာသည် အာဟာရဖြစ်စေသဖြင့် ဆေးတစ်မျိုးပင်ဖြစ်သည်။ သင့်လျော်သော ဆေးသည်လည်း အာဟာရဖြစ်စေသဖြင့် အစားအစာတစ်မျိုးပင်ဖြစ်သည်။

"**ဆေးလည်း အစာ၊ အစာလည်း ဆေး**၊ သင့်အောင်ပေးဆိုတယ်မဟုတ်လား၊ အမှန်ကတော့ ဘကြီးဟာ အစာအာဟာရကို ဖြစ်သလိုပေါက်ကရမစားဘဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ ဆေးစားခြင်းကိစ္စပါပြီးအောင် စားတာပဲ၊"[၁၃၁၇] စာဗိမာန်၊ ၃၊ ၁၁။ ၆၁။

"ဆေးဝါးကုသရာ၌လည်း ဆေးဝါးများဖြင့်သာ ကုသရသည်မဟုတ်ဘဲ **အစာလည်း ဆေး၊ ဆေးလည်း အစာ**ဆိုသည့်အတိုင်း အစာကျွေး၍ ကုသရသော ကုထုံးလည်း လွန်စွာအရေးပါ အရာရောက်လှပေသည်။" [၁၃၁၇] ပုံပြဆေး၊ မ၊ ပ။ ၂။

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် "မြန်မာဆိုရိုးစကား" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

အသင်းသမိုင်းတစ်လျှောက် ၅၁ နှစ်အတွင်း စပါးအသင်း ပရီမီးယားလိဂ်ပြိုင်ပွဲ ၁၁ ပွဲဆက် နိုင်ပွဲပျောက်ဆုံးသည့်မှတ်တမ်းဆိုးရရှိ



လန်ဒန် မတ် ၇

စပါးအသင်းသည် ပရီမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၉)အဖြစ်ကစားသည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် ၃ ဂိုး - ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ၅၁ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီးယားလိဂ် ၁၁ ပွဲဆက် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်၌ ပွဲချိန် ၃၄ မိနစ်တွင် သွင်းယူနိုင်သည့် ဆိုလန်ကို ၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် အဓိကကစားသမား၀န်ဒီဗန် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် ခရစ္စတယ်ပဲလေ့စ်အသင်း မှချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူခဲ့ပြီး ၃ ဂိုး - ၁ ဂိုးဖြင့် အိမ်ကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီ ပရီမီးယားလိဂ်ပြိုင်ပွဲတွင် အစောပိုင်းကတည်းက ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့် ရုန်းကန်ခဲ့ရသည့်အတွက် နည်းပြသောမက်ဖရန့်ကို ရာထူးမှထုတ်ပယ်ပြီး နောက် နည်းပြသစ်အဖြစ် နည်းပြတူဒေါကို ရာသီကုန်အထိ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် နည်းပြတူဒေါလက်အောက်တွင်လည်း ရလဒ်များကောင်းမွန်လာခြင်းမရှိသေးဘဲ ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ပြီးနောက် ပရီမီးယားလိဂ်ပြိုင်ပွဲတွင် ၁၁ ပွဲဆက်နိုင်ပွဲပျောက်ဆုံးကာ ၁၉၇၅ ခုနှစ်နောက်ပိုင်း ၁၁ ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ပရီမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲကျင်းပခဲ့ပြီးနောက်တွင် ပထမဆုံးအကြိမ်အဖြစ် ၁၁ ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းဆိုးပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီမီးယားလိဂ်ပြိုင်ပွဲ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ပထမအကျော့ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့ပြီး နောက်ပိုင်း ၁၁ ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေကာ ဘရန့်ဖို့ဒ်အသင်း၊ ဆန်းဒါးလန်းအသင်း၊ ဘန်လေအသင်း၊ မန်စီးတီးအသင်းတို့နှင့်ပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်ခဲ့သကဲ့သို့ ဘုန်းမောက်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ မန်ယူအသင်း၊ နယူးကာဆယ်အသင်း၊ အာဆင်နယ်အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fotmob

အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် ရွှေ့ဆိုင်း

ရာဘတ် မတ် ၇

မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် အာဖရိကဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

အစောပိုင်းက အာဖရိကဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲကို မော်ရိုကိုနိုင်ငံ၌ လာမည့် မတ်လ ၁၇ ရက်မှ ဧပြီလ ၃ ရက်အထိ ကျင်းပရန်စီစဉ်ထားခြင်းဖြစ်ပြီး ယခုအခါ ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အာဖရိကဘောလုံးအဖွဲ့ချုပ်က ၂၀၂၅ အမျိုးသားအာဖရိကဖလားပြိုင်ပွဲကို ဧန်နဝါရီလက မော်ရိုကိုနိုင်ငံ၌ပင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ပရိသတ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား တိုက်ခိုက်မှုများရှိခဲ့သည့်အတွက် လာမည့်အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲတွင်လည်း အဆိုပါဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး ပြင်ဆင်ချိန်ပိုမိုရရှိရန် ပြိုင်ပွဲကို ရွှေ့ဆိုင်းကျင်းပမည်ဖြစ်သည်။

အာဖရိကဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲကို လုံခြုံရေးပိုင်းအကောင်းဆုံးပြင်ဆင်ပြီးမှသာ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၁၆ ရက်အထိ ရွှေ့ဆိုင်းကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fotmob

၂၀၂၅ လန်ဒန်တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု အပါအဝင် ဆုအများစုကို အာဆင်နယ်အသင်းမှဆွတ်ခူး



လန်ဒန် မတ် ၇

၂၀၂၅ လန်ဒန်တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် လန်ဒန်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအပါအဝင် ဆုအများစုကို အာဆင်နယ်အသင်းမှ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

လန်ဒန်တစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် ဆုများကို လန်ဒန်မြို့ခံအခြေစိုက်ကလပ်အသင်းများမှ ကစားသမားများနှင့် နည်းပြများအား စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး လန်ဒန်တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို အာဆင်နယ်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြအာတီတာက ဆွတ်ခူးနိုင်ခဲ့သည်။

အာတီတာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်အောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ချန်ပီယံဆုအတွက် အနီးစပ်ဆုံးအနေအထားတွင်ရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် လန်ဒန်တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ လန်ဒန်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဒ်ကလည်းကောင်း၊ လန်ဒန်တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကို အာဆင်နယ်အသင်းဂိုးသမား ဒေးဗစ်ရိုင်ယာကလည်းကောင်း၊ လန်ဒန်တစ်နှစ်တာအကောင်းဆုံးအမျိုးသားအသင်းဆုနှင့် အမျိုးသမီးအသင်းဆုတို့ကို အာဆင်နယ်အသင်းကလည်းကောင်း၊ လန်ဒန်တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ချယ်လ်ဆီးအသင်းမှ အက်စ်တီဗောင်းကလည်းကောင်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;Goal.com

နော်တင်ဟမ်အသင်းက အသင်းအားကစားဒါရိုက်တာ အီဒူးကို ရာထူးမှထုတ်ပယ်ကြောင်း အတည်ပြုကြေညာ

လန်ဒန် မတ် ၇

နော်တင်ဟမ်အသင်းက အသင်းအားကစားဒါရိုက်တာအီဒူးကို ရာထူးမှထုတ်ပယ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အာဆင်နယ်အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် အီဒူးသည် အာဆင်နယ်အသင်း၌ ကာလရှည် အသင်းအားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်က အာဆင်နယ်အသင်းအားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အီဒူးသည် အာဆင်နယ်အသင်းအားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်ကပင် နော်တင်ဟမ်အသင်း၏ အားကစားဒါရိုက်တာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အီဒူးလက်ထက်တွင် အစောပိုင်းနှစ်များက အသင်းအခြေအနေမှာ တိုးတက်မှုများရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် တိုးတက်မှုကျဆင်းလာသည့်အတွက် ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် အီဒူးအနေဖြင့် ကစားသမားခေါ်ယူမှုများ၊ ရောင်းချရမှုများနှင့် နည်းပြအပြောင်းအလဲလုပ်ဆောင်မှုများတွင် တိုးတက်လာခြင်းမရှိသည့်အတွက် နော်တင်ဟမ်အသင်းက နှစ်နှစ်ကျော်အကြာတွင် ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး ပြန်လည်ခန့်အပ်မည့်အစီအစဉ်ကို မထုတ်ပြန်သေးခြင်းဖြစ်သည်။

အီဒူးသည် အာဆင်နယ်အသင်း၌ အားကစားဒါရိုက်တာတာဝန်ထမ်းဆောင်စဉ်က ကစားသမားခေါ်ယူမှုများတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သော်လည်း နော်တင်ဟမ်အသင်း၌ ကစားသမားခေါ်ယူမှုအပိုင်းများနှင့်ပတ်သက်ပြီး အသင်းပိုင်ရှင်နှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် အသင်းအားကစားဒါရိုက်တာရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

Ref;One Football

(၈၁) နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်

ဘားအံ မတ် ၇

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှိ ၁၁၀ ပေ x ၃၀ ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်ကမ္ပည်း မော်ကွန်းအား အမွေးနှံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်နှင့် ပညာရေးဝန်ကြီးဌာနမှဖြည့်ဆည်း ပေးထားသော စာရေးခုံ၊ ကုလားထိုင်၊ ပရိဘောဂများကိုကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းကော်မတီများ၊ အကျိုးတော်ဆောင်များ၊ မိဘများအနေဖြင့် မိမိတို့၏သားသမီးများကို ပညာသင်ကြားခွင့်လမ်းကြောင်းအမှန်သို့ ရောက်အောင် တိုက်တွန်းပေးကြရန်၊ ဆရာ၊ ဆရာမများအနေဖြင့် တပည့်များကိုစေတနာအရင်းခံထားပြီး ကျွမ်းကျင်တတ်မြောက်အောင်သင်ကြားပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ကို တာဝန်ယူတည်ဆောက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးရုံးညွှန်ကြားရေးမှူးထံလွှဲပြောင်းပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်မိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံမိဘပြည်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံအားပေးစကားပြောကြားကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**


အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၇

ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ပင်လောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေး ခြင်း၊ ခြင်ခိုအောင်းနှိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ဟဲဟိုးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မော့ဘီမြို့နယ်အပါအဝင် မြို့နယ် ၇ မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ မြို့နယ်ခန်းမများ၊ ဈေးများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်အသီးသီးတို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပဲခူးမြို့တွင် မော်တော်ယာဉ်များနှင့်ဆိုင်ကယ်များ သတ်မှတ်ရက်အတိုင်း မောင်းနှင်သွားလာနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်

ပဲခူး မတ် ၇

စက်သုံးဆီခြိုးခြေချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ၂၀၂၆ ခုနှစ်မတ်လ ၇ ရက်မှ စတင်၍ ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များသည် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မောင်းနှင်အသုံးပြုရန် ညွှန်ကြားချက်များထုတ်ပြန်ထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံနှင့် မြို့တွင်းအချက်အချာကျသည့်နေရာများ၌ ယနေ့နံနက်ပိုင်းတွင် အမှတ်(၃)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဖုန်းမြင့်ဦးစီးတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေမောင်မောင်နှင့်ဝန်ထမ်းများ၊ ဆက်စပ်ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် စက်သုံးဆီသုံးစွဲမှုလျော့နည်းရေးစီမံချက်အရ ပဲခူးမြို့နယ်အတွင်း သွားလာမောင်းနှင်သည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား သတ်မှတ်ထားသည့်စုံရက်နှင့် မရက်အား ခွဲခြားစီးနင်းမောင်းနှင်ကြရန် အသိပညာပေးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးမြို့တွင်ပညာပေးခြင်းအစီအစဉ်အား မတ်လ ၇ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသည့် စည်းကမ်းထုတ်ပြန်ချက်အား လိုက်နာခြင်းမရှိပါက မတ်လ ၁၄ ရက်မှစတင်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဥသာတိုင်းသား

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ်(၂၄/၂၀၂၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ



ပြင်ဦးလွင် မတ် ၇

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနလက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်း အမှတ်စဉ်(၂၄/၂၀၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း(၁)၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် နောက်ရန်တပ်ခွဲက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူပြီး ညွှန်ကြားရေးမှူးချုပ်က နောက်ရန်တပ်ခွဲ၏အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲက ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူအား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက လက်ထောက်ဦးစီးမှူးလောင်း သင်တန်း အမှတ်စဉ်(၂၄)မှ အကောင်းဆုံး ကျောင်းသားဆုရ လက်ထောက်ဦးစီးမှူးလောင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ လက်ထောက်ဦးစီးမှူးလောင်း၊ စာပေထူးချွန်ဆုရ လက်ထောက်ဦးစီးမှူးလောင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ကျောင်းဆင်းတပ်ခွဲနှင့် နောက်ရန်တပ်ခွဲတို့၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းဌာနချုပ်ရုံးဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်းမီးသတ်အရာရှိလောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အနော်ရထာခန်းမတွင် ရာထူးခန့်အပ်လွှာများ ပေးအပ်ကြောင်း သိရသည်။ **နေကိုထိုက်**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကဒါ-ကော့တာ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်



ဘားအံ မတ် ၇

၂၀၂၆ ခုနှစ်မတ်လ ၂၇ ရက်တွင်ကျရောက်မည့် (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပို့လျှံရန်ပုံငွေကျပ် ၅၉၅ ဒသမ ၆၁၆ သန်းဖြင့် ဘားအံမြို့နယ် ကော့ကဒါ-ကော့တာကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အကျယ် ၁၄ ပေ၊ အရှည် ၆ ဒသမ ၉၆ ဖာလုံရှိ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးလက်လမ်း/တံတားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်၊ မြို့ပြအချိုးညီစွာဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာမှမြို့ပြအသွင်၊ မြို့ပြအခြေအနေသို့အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အားအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ကာ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ၏ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး မြန်ဆန်ကောင်းမွန်လာခြင်း၊ ကျေးလက်ထုတ်ကုန်များ အချိန်ကုန်သက်သာစွာ စျေးကွက်သို့အလျင်အမြန်သယ်ယူပို့ဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ မိသားစုတစ်ဦးချင်းဝင်ငွေများ တိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော့ကဒါကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် တက်ရောက်လာသူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။ **(၄၀၆)**

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ မောင်မောင်ခင် ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)နှင့် ဒုတိယဝန်ကြီးချုပ်(ငြိမ်း) အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်လွင်-ဒေါ်မမကြီး)တို့၏သား၊ (ဦးမောင်ဦးကျော်-ဒေါ်စံသာ)တို့၏သားသမက်၊ (ဒေါက်တာဒေါ်နန်းဦး)၏ခင်ပွန်း၊ ဒေါက်တာထွန်းဇံမောင်-ဒေါက်တာခင်ခင်ဦး၊ (ဗိုလ်မှူးကြီးကျော်တင်လှ)-ဒေါ်ခင်အေးသာတို့၏ဖခင်၊ ရဲခင်ဇံမောင်၊ ခင်နန်းဇံမောင်၊ ဝင်းခင်ဇံမောင်၊ ကျော်စံဝေ၊ သဒိုးဝေတို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၃-၂၀၂၆ ရက်(ကြာသပတေးနေ့)ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၂၆ ရက်(စနေနေ့)မွန်းတည့် ၁၂:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ရွှေဟင်္သာစံကျောင်းတိုက်၊ အမှတ်(၁၉)(က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်သို့ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အ.ထ.က(၄)(ခွဲ)ဟွေခါး Grade-4 ဖြေဆိုထားသော မဆောင်းချယ်ရှိ၏ဖခင်အမည်မှန်မှာ ဦးဂျာဂျိုတီ ၁၃/ကတန(နိုင်)၀၉၀၆၃၈ ဖြစ်ပါကြောင်း။

ဦးဂျာဂျိုတီ

ပျောက်ဆုံးကြောင်း

မရွောက်ယင်း(ဘ)ဦးလီလောက်ခိုင် ၁၃/သပန(နိုင်)၁၆၄၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၈၄

ပျောက်ဆုံးကြောင်း

စိုးနိုင်(ဘ)ဦးကျော်မြင့်၉/ဝဘန(နိုင်)၁၃၇၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း-၀၉-၄၅၃၂၀၃၅၆၆

ပျောက်ဆုံးကြောင်း

ဟန်သီထွန်း(ဘ)ဦးမောင်မောင်(ခ)ခုပ်လျှံမန်း ၈/မကန(နိုင်)၁၅၁၀၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၅၉၃၃၃၅

ပျောက်ဆုံးကြောင်း

ထက်ဝေလှိုင်(ဘ)ဦးအောင်နိုင် ၁၁/ရသတ(နိုင်)၀၉၆၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့်တိုင်းဒေသကြီးလမ်းများပေါ်ရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက် ယှဉ်ပြိုင်နည်းလမ်းဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ လမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်(၈)ခု၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို နိုင်ငံသားများသို့ (၂၄-၃-၂၀၂၆) ရက်နေ့(၀၉:၃၀)နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် လေလံရောင်းချမည်ဖြစ်ပါသည်-

(က)	ယှဉ်ပြိုင်နည်းလမ်းဖြင့်ကောက်ခံမည့် လမ်းဂိတ်များ၏ကြမ်းခင်းငွေး		(ကျပ်သိန်း)
(၁)	ရွှေဘိုရိုင်	ရွှေဘို-မြစ်ကြီးနား(ရွှေဘို)ဂိတ်	၄၂၀.၀၀
(ခ)	ယှဉ်ပြိုင်နည်းလမ်းဖြင့်ကောက်ခံမည့် တံတားဂိတ်များ၏ကြမ်းခင်းငွေး		(ကျပ်သိန်း)
(၁)	စစ်ကိုင်းခရိုင် (B.O.T လမ်းပေါ်ရှိ)	ညောင်ပင်ဝန်းတံတားဂိတ်	၁၂၇၆.၀၀
(၂)	ကသာခရိုင်	ရွှေလီ(ငါးအို)တံတားဂိတ်	၁၃၀.၀၀
(၃)	ကလေးခရိုင်	ဘုံချောင်းတံတားဂိတ်	၂၅၀.၀၀
(၄)	ကလေးခရိုင်	နေရွာရာတံတားဂိတ်	၃၅၆.၀၀
(၅)	ကလေးခရိုင်	ချင်းတွင်း(ကလေး၀)တံတားဂိတ်	၄၈၉.၀၀
(၆)	ကလေးခရိုင်	မြစ်သာ(ကလေး၀)တံတားဂိတ်	၆၀.၀၀
(၇)	ဟုမ္မလင်းခရိုင်	ဥရုတံတားဂိတ်	၇၅၀.၀၀

၂။ လမ်း-တံတားဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာများကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ (၁၉-၃-၂၀၂၆)ညနေ(၄:၀၀)နာရီနေဝင်ဆုံးထားမှတ်ပုံတင်နိုင်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းများကို သိရှိလိုပါက လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ တယ်လီဖုန်းနံပါတ် ၀၉-၄၀၀၄၀၆၀၉၄ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံကြီးကြပ်ရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။

ပျောက်ဆုံးကြောင်း

နန်းမိမိလေး(ဘ)ဦးစောနိုင် ၁၃/တကန(နိုင်)၃၂၄၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ သဲဖြူကျေးရွာ၊ အ.ထ.က(ခွဲ)ကျောင်းဝင်အမှတ် ၀၀၂၄ မိုင်ကျလှိုင်မိုးပွင့်၊ ကျောင်းဝင်အမှတ် ၀၁၄၄ မိုင်ကေရီကျော်တို့၏မိဘ ဦးကျော်သက်ဦး ၈/တတက(နိုင်)၁၁၁၁၈၈ နှင့် ဒေါ်သင်းသင်းနွယ်၏ အမည်မှန် ဆလိုင်းကျော်သက်ဦးနှင့် မိုင်သင်းသင်းနွယ်ဖြစ်ပါကြောင်း။

ဆလိုင်းကျော်သက်ဦး
မိုင်သင်းသင်းနွယ်

ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ POUSHING COMPANY LIMITED ၏ ကုမ္ပဏီတည်ထောင်သည့်နေ့မှ ကုမ္ပဏီဖျက်သိမ်းသည့်ယခုအချိန်ထိ ကုန်ကြမ်းတင်သွင်းခွင့် Import Declaration(ID) နှင့် ကုန်ချောတင်ပို့ခွင့် Export Declaration(ED)များ ပျောက်ဆုံးသွားပါသဖြင့် အကောက်ခွန်ဦးစီးဌာနတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

POUSHING COMPANY LIMITED
Plot No.(364), Myay Taing Quarter No.(49), War Tayar Industrial Zone, Shwe Pyi Thar Township, Yangon Region

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

Quality For You
ဗီဂ၀ါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အစကောင်းဆုံး ဗီဂ၀ါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၆၈၉၊ ၀၉-၆၉၈၃၅၅၈၃၃

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom

ဘီလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘီလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘီလပ်မြေများအား
RHINO PORTLAND CEMENT PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT PRODUCT OF MYANMAR OPC-EN 197-1:2000 CEM-I 42.5N
BLUE DIAMOND CEMENT PORTLAND CEMENT 50 Kg
မြင်းပျံ PORTLAND CEMENT BS 12 : 1996 , 42.5 N PRODUCT OF MYANMAR SINCE 1986 NET WEIGHT 50 Kg
ဘီလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂၊ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘီလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

❖ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်၍တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန်တိုက်တွန်းအပ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမွန်မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်ကျရောက်သော (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်းပဲမျိုးစုံ စိုက်ကေ ၁၂၀၀၀ ကျော် ရိတ်သိမ်းမှု ၅၀ ရာခိုင်နှုန်းပြီးစီး



ကျောက်ဆည် မတ် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထားသည့် ဆောင်းပဲမျိုးစုံသည် အောင်မြင်ဖြစ်ထွန်းပြီး ယခုအခါ ရိတ်သိမ်းမှုများ ဆောင်ရွက်နေပြီဖြစ်ကာ ၅၀ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် နိဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်းက ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူများသည် ဆောင်းပဲမျိုးစုံဖြစ်သည့် **စာမျက်နှာ ၁၂ ကော်လံ ၃ ◆**

ဆောင်းပါး

နိုင်ငံ့အရေးဆောင်ရွက်မည့် နိုင်ငံရေးသမားများဖြစ်ရန်လိုသည် စာ - ၁၃ သို့

ခေတ်သစ်ကိုထုဆစ်ပေးသည့် အမျိုးသမီးတို့၏စွမ်းအား စာ - ၂၅ သို့

နိုင်ငံတကာသတင်း

မျက်မှောက်ကာလ အရွှေ့အလယ်ပိုင်းရေးရာ စာ - ၂၂ သို့

အရွှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများ ပိုမိုပြင်းထန်လာပြီးနောက် ဒူဘိုင်းမြို့ရှိ ရွှေများကို အထူးလျှော့ဈေးနှုန်းများဖြင့်ရောင်းချ စာ - ၂၃ သို့

ကင်ညာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွား၊ သေဆုံးသူ ၂၃ ဦးအထိ မြင့်တက် စာ - ၂၃ သို့

ထူးခြားသည့် နေ့အပူချိန်များ

၇-၃-၂၀၂၆

မင်းဘူး	၃၉	ဒသမ ၄	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၃၈	ဒသမ ၈	ဒီဂရီဆဲလ်စီးယက်
တံတားဦး	၃၈	ဒသမ ၆	ဒီဂရီဆဲလ်စီးယက်
(လေကြောင်းမိုးလေဝသ)			
မန္တလေး	၃၈	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
မြင်းမူ	၃၈	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
ကော့ကရိတ်	၃၈	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
ချောက်	၃၈	ဒသမ ၂	ဒီဂရီဆဲလ်စီးယက်
စစ်ကိုင်း	၃၈	ဒသမ ၂	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယက်
ရွှေဘို	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယက်

ပေါက်ခေါင်းမြို့နယ် မြို့မဈေး မီးဘေးကြုံတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ပေါက်ခေါင်း မတ် ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြို့မဈေး မီးဘေးကြုံတင်ကာကွယ်ရေး အတွက် မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က မြို့မဈေးခွံ ဆောင်ရွက်ကြောင်း သိရသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် **စာမျက်နှာ ၁၂ ကော်လံ ၂ ▲**



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar